# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၃)၊ အမှတ်(၀၅၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့်နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရွှေဘိုခရိုင်အတွင်း ယခုနှစ် မိုးစပါး ဧက ၃၄၇၀၀၀ ကျော် စိုက်ပျိုးထားမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ရွှေဘို နိုဝင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်သည် စပါးသီးနှံကို အဓိကစိုက်ပျိုးသော ခရိုင်တစ်ခုဖြစ်ရာ နှစ်စဉ် မိုးစပါးစိုက်ဧက သုံးသိန်းကျော်နှင့် ဆည်ရေရရှိသည့်အပေါ် မူတည်၍ နွေစပါးများကို စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ဧကများနှင့် စိုက်ပျိုးသော စပါးမျိုးများမှာ ရွှေဘိုပေါ်ဆန်း စပါး ၂၁၈၃၄၄ ဧက၊ ရောမင်းစပါး ဧက ၆၅၇၅၀၊ မနော်ဟရီစပါး ၂၃၆၅၄ ဧက၊ IR-747 စပါး ၁၇၅၃၂ ဧက၊ ရွှေသွယ်ရင်စပါး ၂၁၆၁၇ ဧကနှင့် ဆင်းသုခစပါး ၁၃၂ ဧက၊ စုစုပေါင်း စိုက်ဧက ၃၄၇၀၂၉ ဧက စိုက်ပျိုးထားရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စီမံကိန်းစာရင်းအင်းဌာန၏ စာရင်းများအရ သိရသည်။

ရွှေဘိုခရိုင်တွင် မိုးစပါးများကို စိုက်ပျိုးထားရှိပြီး စိုက်ပျိုးမှုအနေဖြင့် ပျိုးထောင်၍ စိုက်ပျိုးခြင်းနှင့် ကြဲပက်၍ စိုက်ပျိုးခြင်းဟူ၍ နည်းလမ်းနှစ်မျိုးဖြင့် စိုက်ပျိုးကြရာ ပျိုးထောင်စိုက်ပျိုးခြင်း ၂၁၉၅၀၄ ဧကနှင့် ကြဲပက်၍ စိုက်ပျိုးခြင်း ၁၂၇၅၂၅ ဧက စိုက်ပျိုးထားရှိကြောင်း၊ ပျိုးထောင်စိုက်ပျိုးရာတွင် ဇွန်လ၌ စတင်ပျိုးထောင်၍ ဇူလိုင်လဆန်းတွင် စတင်စိုက်ပျိုးကြကြောင်း၊ ယခုအချိန်တွင် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စပါးစိုက်တောင်သူဦးကြီးများအနေဖြင့် စပါးအထွက်နှုန်းများ ယခင်နှစ်ထက် ပိုမိုထွက်ရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

DOCA (စစ်ကိုင်း)



# တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ရည်ရွယ်၍ မော်လမြိုင်မြို့၌ တိုင်းရင်းသားယဉ်ကျေးမှုစင်တာ တည်ဆောက်လျက်ရှိ



တိုင်းရင်းသားယဉ်ကျေးမှုစင်တာ ပုံစံငယ်ကို တွေ့ရစဉ်။

မော်လမြိုင် နိုဝင်ဘာ ၂၂

မွန်ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို မပျောက်မပျက်ထိန်းသိမ်းစောင့်ရှောက်၍ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့်


စာမျက်နှာ ၃ ကော်လံ ၁ ❖


## ယနေ့ ဖတ်စရာ


မကြာမီ ပြီးပါတော့မည် ဆောင်းပါး စာ ၆

လူတိုင်းစာတတ်မြောက်မှုမှသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆီသို့ . . . ဆောင်းပါး စာ ၁၀

စနစ်တကျ မှိုစိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေ ရှာကြစို့ ဆောင်းပါး စာ ၁၆





# လူငယ်နှင့် စာအုပ်စာပေ

လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ၎င်းတို့၏ အနာဂတ်ဘဝတစ်လျှောက်တွင် လူတစ်လုံး သူတစ်လုံး ရပ်တည်ရှင်သန်နိုင်စေရန်နှင့် နိုင်ငံအတွက်လည်း သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာစေရန် လိုအပ်သော အရည်အသွေး၊ အရည်အချင်းများ ဖြည့်ဆည်းပေးနိုင်ရေးပင်ဖြစ်သည်။ ဗလငါးတန်ဟုဆိုရာတွင် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလဟူ၍ အစဉ်အလာသိမှတ်ခဲ့ကြသည့် ဗလငါးတန်သာမက မျက်မှောက်ခေတ် ၂၁ ရာစု ဗလငါးတန်ဟုဆိုရမည့် IQ : Intelligence Quotient ခေါ် ဉာဏ်ရည်ဉာဏ်သွေး၊ EQ : Emotional Quotient ခေါ် စိတ်နှလုံးခံစားမှုအရည်အသွေး၊ CQ : Culture Quotient ခေါ် မတူကွဲပြားသည့် ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းများကို နားလည်လက်ခံနိုင်သည့် အရည်အသွေး၊ SQ : Spiritual Quotient ခေါ် ဘဝရှင်သန်နေထိုင်ခြင်း၏ ရည်ရွယ်ချက်ကို သိရှိလိုက်နာနိုင်သည့် အရည်အသွေး၊ PQ : Physical Quotient ခေါ် ကိုယ်ခန္ဓာကြံ့ခိုင် ကျန်းမာမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အရည်အသွေးတို့ကို ဖြည့်ဆည်းနိုင်ရန် အကောင်းဆုံး နည်းလမ်းတစ်ခုမှာ စာဖတ်ခြင်းပင်ဖြစ်သည်။

ကျောင်းသူ ကျောင်းသား လူငယ်များ စာကောင်းပေမွန်များကို ပိုမိုဖတ်ရှုလာကြစေရန်အတွက် နိုင်ငံတော်က လူငယ်နှင့်စာပေအနုပညာပွဲတော်များကို ကျင်းပပေးလျက်ရှိရာ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) တွင် လာမည့် ဒီဇင်ဘာလ ၂၀ ရက်မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲသည် လူငယ်ကဏ္ဍကို အလေးထားပြီး ယခုနှစ်စာပေအနုပညာပွဲတော်ကျင်းပရာ၌ ၎င်း၏လမ်းညွှန်ချက်အရ တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများ လေ့လာနိုင်သည့် ပြခန်း၊ ပြကွက်များ ပါဝင်အောင် ဆောင်ရွက်သွားရန်နှင့် ဖျော်ဖြေမှုနှင့်အတူ စိတ်ဝင်စားဖွယ် အစီအစဉ်များ ဖန်တီးဖော်ဆောင်သွားရန်လည်း ဆောင်ရွက်လျက်ရှိသည်။ ပွဲတော်သုံးရက် ကျင်းပရာတွင် ဝန်ကြီးဌာန ၁၃ ခု၏ ပြခန်း ပြကွက်များ၊ တိုင်းရင်းသားရိုးရာ အစားအစာ ခင်းကျင်းရောင်းချသည့် အစီအစဉ်များလည်း ထည့်သွင်းမည်ဟု သိရသည်။

လူငယ်နှင့်စာပေအနုပညာပွဲတော် ကျင်းပခြင်း၏ ရည်ရွယ်ချက်များတွင် လူငယ်များ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေးအတွက် စာအုပ်စာစောင်များကို တန်ဖိုးထား ဖတ်ရှုလိုစိတ် ဖြစ်ပေါ်လာစေရန်နှင့် လူငယ်များ စာပေနှင့် ရင်းနှီးပြီး စာပေ၏ အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ စာပေနှင့် အနုပညာမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ၊ ကိုလိုနီလက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်စေရန်ဟူသော အချက်များပါရှိရာ အဆိုပါရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရန်၊ စာပေနှင့်အနုပညာပွဲတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ ပေါ်လွင်ထင်ရှားစေရန် ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။

စာဖတ်ခြင်းသည် စာဖတ်သူအတွက် အသိပညာကျယ်ပြန့်စေရုံသာမက စိတ်နှလုံးကိုလည်း သိမ်မွေ့စေသည်။ တွေးတောဆင်ခြင်နိုင်သည့် စွမ်းရည်ကို မြင့်မားစေနိုင်သည်နှင့်အမှုကောင်းမှုနှင့် မကောင်းမှု၊ အမှန်နှင့် အမှားတို့ကို ခွဲခြားသိမြင်နိုင်စေသည်။ စာဖတ်ခြင်းက ဗဟုသုတကြွယ်ဝစေရုံသာမက စကားလုံးဝေါဟာရများကိုလည်း တိုးပွားစေရာ စာများများဖတ်သူသည် စကားပြောရာတွင်လည်း လိမ္မာပြေပြစ်စွာ၊ ပညာသားပါပါ၊ ချိုချိုသာသာ ပြောနိုင်စွမ်းရှိကြသည်။ လူငယ်ဘဝတွင် စာဖတ်ခြင်း အလေ့အကျင့်ကောင်းကို စွဲမြဲစွာ ရရှိသွားပါက ကျန်သည့်အရွယ်သုံးပါး ဘဝတစ်လျှောက်လုံးတွင် တစိုက်မတ်မတ် စာဖတ်သွားကြမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ စာပေကို တန်ဖိုးထားဖတ်ရှုလာကြစေရေး၊ စာပေဖတ်ရှုခြင်းမှတစ်ဆင့် တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ရေး၊ လွတ်လပ်ရေးကို လေးစားတန်ဖိုးထားတတ်ကြစေရေးအတွက် လူငယ်ကျောင်းသား ကျောင်းသူများအား စာအုပ်စာပေများနှင့် ရင်းရင်းနှီးနှီး ထိတွေ့စေရေး၊ စာအုပ်စာပေများကို စိတ်ပါဝင်စားဖတ်ရှုကြစေရေး ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၁၀၄ / ၂၀၂၃**
**၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်**
**(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)**

**ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄၉ / ၂၀၂၃ )**
**၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်**
**( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၂၂ ရက် )**

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **မြို့တိုင်းရင်းသားပါတီ** ကို မှတ်ပုံတင်အမှတ် (၁၁)၊ ၄-၅-၂၀၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁၆/၂၀၂၃) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **မြို့တိုင်းရင်းသားပါတီ** က ၂၇-၁၀-၂၀၂၃ ရက်စွဲပါစာအမှတ်၊ ၅၅ / မတပ / ၂၀၂၃ ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးပါရန် ပါတီဗဟိုအလုပ်အမှုဆောင် အစည်းအဝေးဆုံးဖြတ်ချက်နှင့်အတူ တင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၂-၁၁-၂၀၂၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၂၃)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (က) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **မြို့တိုင်းရင်းသားပါတီ** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့နှင့် တွန်းဇံမြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

## အသိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း) များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ တန်ဆောင်တိုင်ပွဲတော်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း) များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး (ရှူးဒိုင်း) များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေ များအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ရွှေကျောက်ဖူးစိုက်ပျိုးရေးနှင့် အထွေထွေသမအသင်းက မှော်ဘီမျိုးစပါးများ ရိတ်သိမ်း

**ပန်းတောင်း နိုဝင်ဘာ ၂၂**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ရယူဆောင်ရွက်သည့် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရှိ ရွှေကျောက်ဖူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်က မှော်ဘီမျိုးစပါးများ စိုက်ပျိုးထားရှိခဲ့ပြီး ယခုအခါ ဧက ၅၀ကို ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ တစ်ဧကလျှင် စပါးတင်း ၆၀ ထွက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၂၂**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**(ယာပုံ)**

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာ ဘန်ရွှေ၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား မောင်မယ်များသည် မိမိတို့ ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်း အောင်မြင်မှုရရှိရေး အတွက် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန် ဖော်ထုတ်ပြသပြီး အားကစား စိတ်ဓာတ် အပြည့်အဝဖြင့် ယှဉ်ပြိုင်သွားကြ စေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင်အသင်းကို အင်အားဖြည့်တင်းနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်း တိုက်တွန်းမှာကြားရင်း ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။



**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး**(ဝဲပုံ)** အမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ နေပြည်တော်ကောင်စီနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်းကြည့်ရှုအားပေးကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ပိုက်ကျော်ခြင်းအားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်လာစေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးနှင့် နိုင်ငံကိုယ်စားပြု မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်သည်။

**အခမဲ့ကြည့်ရှုနိုင်**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၂သင်း၊ အားကစားသမား စုစုပေါင်း ၂၆၂ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ ***ရှေ့ဖုံးမှ***

ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ တိုင်းရင်းသားယဉ်ကျေးမှု စင်တာကို မော်လမြိုင်မြို့ မင်းရွာကျေးရွာ၌ တည်ဆောက်လျက်ရှိသည်။

အဆိုပါ တိုင်းရင်းသားယဉ်ကျေးမှုစင်တာတည်ဆောက်မှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် စီမံကိန်း ရှင်းလင်းဆောင်တွင် တည်ဆောက်ရေးလုပ်ငန်း တာဝန်ရှိသူများက လုပ်ငန်းတစ်ခုချင်းစီအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ **(ယာပုံ)** ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်တွင် မွန်၊ ဗမာ၊ ပအိုဝ်း၊ ကရင်နှင့်အခြားတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြရာ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု၊ အနုပညာများကို တစ်နေရာတည်းတွင် အလွယ်တကူ အများပြည်သူဝင်ရောက် လေ့လာနိုင်သော တိုင်းရင်းသားယဉ်ကျေးမှု စင်တာ တည်ဆောက်နေပြီ ဖြစ်သည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးစေရေးနှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီစေရေး အထူးအလေးထားဆောင်ရွက် ကြစေလိုကြောင်း မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ ဖြည့်စွက်ဆွေးနွေး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ရာမညခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ်အတွင်း ရထား၊ ရေယာဉ်နှင့် မော်တော်ယာဉ်တို့ဖြင့် ပြောင်းဆန်အိတ်များ တရားမဝင်သယ်ဆောင်ခဲ့မှုအား တားဆီး၊ စစ်ဆေး အရေးယူရာတွင် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု ထွက်ရှိစေရေးအတွက် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးသွားရမည်

နေပြည်တော် နိုဝင်ဘာ ၂၂

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်အတူ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။**

ဦးစွာ တာဝန်ရှိသူများနှင့် ဦးစီးဌာနမှူးတို့က လျှပ်စစ်၊ ဘွိုင်လာ၊ စက်မှုလုပ်ငန်းများ စစ်ဆေးကြပ်မတ် ဆောင်ရွက်နေမှု၊ စက်မှုမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးနေမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ MSME ချေးငွေထုတ်ချေးပေးမှုနှင့် MSME Member Card များ ထုတ်ပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် ပြဋ္ဌာန်းထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ၊ ဘွိုင်လာဥပဒေ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ စက်မှုဥပဒေ၊ လျှပ်စစ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ကာကွယ်ရေး၊ စက်မှုဇုန်များ စနစ်တကျရှိစေရေး၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စနစ်တကျ အားသွန်ခွန်စိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**လေ့လာသင်ယူ**

ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု ထွက်ရှိစေရေးအတွက် လုပ်ငန်းရှင်များ လိုအပ်သည့်အကြံဉာဏ်များနှင့် အခြားလိုအပ်ချက်များကို ကူညီ ဖြည့်ဆည်းပေးသွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စက်မှုကဏ္ဍနှင့် ပတ်သက်သည့် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကိုသိရှိအောင်လေ့လာသွားရန်နှင့် မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် ပြည်သူကို အလုပ်အကျွေးပြု၍ ပြည်သူမှ ယုံကြည်ကိုးစားသည့် ဝန်ထမ်းများဖြစ်စေရေးအတွက် တစ်ဦးချင်းအရည်အသွေး၊ အရည်အချင်း ပြည့်ဝသည့် ဝန်ထမ်းများ ဖြစ်အောင် လေ့လာသင်ယူသွားကြရန် မှာကြားသည်။



**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားခရိုင်နှင့် ဥတ္တရခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးများသို့သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး မိမိတို့အား ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ကြရန် မှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း အိမ်မဲမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကြည့်ရှုအားပေး

**အိမ်မဲ နိုဝင်ဘာ ၂၂**

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် အိမ်မဲမြို့နယ် ပွဲစားဂုံညှင်းတန်းကျေးရွာရှိ ဦးချစ်တီးပါ တောင်သူလေးဦး၏ လယ်ယာမြေ ငါးဧကတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကျင်းပသော ၂၀၂၃ ခုနှစ်



သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့ထုတ်စိုက်ခင်း မျိုးစေ့ကြဲပက်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ပွဲစားဂုံညှင်းတန်းကျေးရွာသို့ရောက်ရှိလာရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးရေးကိစ္စရပ်များကို မေးမြန်းဆွေးနွေးခဲ့သည်။ ထို့နောက် တောင်သူများက သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ထုတ်စိုက်ခင်းမျိုးစေ့ကြဲပက်ပွဲဆောင်ရွက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေရောင်ပြကျေးရွာရှိ ဦးသံချောင်းပါ တောင်သူသုံးဦး၏ လယ်ယာမြေ ၁၀ ဧကတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် ဆောင်းသီးနှံနေကြာမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပွဲကို ကြည့်ရှုအားပေးခဲ့ပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

အဆိုပါ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)မျိုးစေ့ထုတ်စိုက်ခင်းကြဲပက်ပွဲနှင့် ဆောင်းသီးနှံနေကြာမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပွဲသို့ မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းငွေးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်/တိုးမြှင့်အဖွဲ့၊ မြို့နယ်ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်ခဲ့သည်။

အိမ်မဲ(မြန်/ဆက်)

# ဟုမ္မလင်းမြို့၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲကျင်းပ

**ဟုမ္မလင်း နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း အမှတ်စဉ်(၁/၂၀၂၃-၂၀၂၄)သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၁ ရက်က ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**အကျိုးကျေးဇူးများရရှိမည်**

ဦးစွာ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က မိမိတို့ တတ်မြောက်ထားသည့် ပညာဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်နိုင်ခြင်း၊ ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းကို စနစ်တကျတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်းနှင့် မိမိဒေသ လူမှုစီးပွားရေးကို အထောက်အကူပြုခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

**စာတွေ့၊ လက်တွေ့ သင်ကြားပေး**

ထို့နောက် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာများက စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း၊ အဆိုပါ သင်တန်းတွင် သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

လင်းလင်း(မြန်/ဆက်)

# လယ်ဝေးမြို့နယ်၌ မိုးစပါးစံကွက် သုံးဧက ရိတ်သိမ်းရာ အစို ၁၁၇ တင်းကျော်ထွက်ရှိ

**လယ်ဝေး နိုဝင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ခရမ်းကိုင်းကျေးရွာအနီးရှိ အဆင့်မြင့်ဧက ၂၀၀ ရှင်းလင်းဆောင်၌ ကျင်းပသည်။

**အထွက်နှုန်းကောင်းမွန်**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က ယခုနှစ်မိုးကာလတွင် မိုးရွာသွန်းမှုများပြား၍ ယခင်နှစ်များထက် မိုးစပါးအထွက်နှုန်း ကောင်းမွန်သည်ကို တွေ့ရကြောင်း၊ ဆောင်းသီးနှံများ စိုက်ပျိုးရာတွင်လည်း အထောက်အကူဖြစ်နိုင်မည် ဖြစ်ကြောင်း၊ သီးထပ် စွမ်းအားမြင့်မားရေးအတွက် ဆောင်းမတ်ပဲနှင့် နေကြာ စသည်တို့ကို မြေလပ်မကျန် စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ သီးနှံအထွက်နှုန်းများ မှန်ကန်ရေးအတွက် စံကွက်များ ရိတ်သိမ်းရေးသည် အရေးပါပြီး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများ ကိုယ်တိုင် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရန်လည်း လိုအပ်ကြောင်း၊ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် One Region One Product (ဒေသတစ်ခု ထုတ်ကုန်တစ်ခု) အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး စီမံလျက်ရှိကြောင်း ပြောကြားသည်။



**ရှင်းလင်းပြောကြား**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေး၊ အဖွဲ့ဝင် ဦးဝင်းအောင်က သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲနိုင်ရေးအတွက် ကိုယ်တိုင်ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝင်းက လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးနှင့်မိုးစပါးစံကွက် ရိတ်သိမ်းမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး သစ်ဆိမ့်ပင်ကျေးရွာ တောင်သူ ဦးတင်ငွေပိုင် သုံးဧကတွင် စိုက်ပျိုးထားသည့် ဆင်းသုခစပါးမျိုးအား စံကွက်ရိတ်သိမ်းရာ ၁၁၇ ဒသမ ၁၉ တင်း(အစိုထွက်) ထွက်ရှိကြောင်း သိရသည်။

ဝေကြည်(မြန်/ဆက်)

# ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များရောက်ရှိ၊ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို



**နေပြည်တော် နိုဝင်ဘာ ၂၂**

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်သော ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ရောက်ရှိလာရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစစ်သံမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များသည် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့သွားရောက်၍ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်စွန့်ခဲ့ကြသူများအား အလေးပြုကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်မှ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

အဆိုပါ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul အား ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံ လေတပ်အရာရှိများအား အပြန်အလှန် မိတ်ဆက်ပေးကြပြီး ထိုင်းဘုရင့်လေတပ် ဦးစီးချုပ်က ဘုရင့်နောင်ရိပ်သာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။ **(အောက်ပုံ)**



ထိုသို့တွေ့ဆုံရာတွင် မြန်မာ–ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးခရီးစဉ်အဖြစ် အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သင်တန်းသား စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ လေတပ်နှစ်ရပ်အကြား ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရချိန် ကူညီကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာအချက်အလက်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေး လုပ်ငန်းစဉ် (Humanitarian Assistance and Disaster Relief–HADR) ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ထိုင်းဘုရင့် လေတပ် ဦးစီးချုပ်တို့သည် အထိမ်းအမှတ် တံဆိပ်များအပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ၊ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ထိုင်းဘုရင့်လေတပ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲကို Jasmine ဟိုတယ်ရှိ ပုဂံဆောင်၊ ကစ္ဆပနဒီခန်းမ၌ ပြုလုပ်ရာ ထိုင်းဘုရင့်လေတပ် ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ တက်ရောက်ကာ ညစာကိုအတူတကွ ရင်းရင်းနှီးနှီး သုံးဆောင်ခဲ့ကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဖျော်ဖြေရေးအဖွဲ့များက တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ထို့ပြင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ဇနီးဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဆင်ဖြူတော်များအား သွားရောက်လေ့လာ ကြည့်ရှုခြင်းနှင့် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုခဲ့ပြီး ကျောက်စာရံ စေတီတော်များနှင့် သာသနိကအဆောက်အဦများအားလှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ထောပတ်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက် ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင် အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ် အရောက် လိုက်လံပို့ဆောင်ပေးကြသည်။





စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသား ပေးပို့သည့် “ တပ်မတော်သားများ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း၊ ကျန်းမာပါစေကြောင်းနှင့် တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း” စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကြာမီ ပြီးပါတော့မည်

*သတင်းစာဆရာတစ်ဦး*

“ဆရာ”

“ဗျာ”

“ကျွန်တော်တို့ နွေဦးတော်လှန်ရေး ဘယ်တော့လောက် အောင်မြင်ပြီးဆုံးမလဲ ဆရာ”

“အမှန်အတိုင်း ဖြေရမလား”

“ဟုတ်ကဲ့။ အမှန်အတိုင်း သိချင်ပါတယ်”

“ဘယ်သောအခါမှ အောင်မြင်မှု မရနိုင်ပါဘူးကွယ်”

“ဘာဖြစ်လို့လဲ ဆရာ”

“မင်းတို့သိချင်လည်း သိမယ်၊ မသိရင်လည်း မသိဘူး။ တကယ်တော့ တော်လှန်ရေးတစ်ရပ် အောင်မြင်တယ်ဆိုတာ (၁) ပြည်သူလူထု သို့မဟုတ် အလုပ်သမား၊ လယ်သမား လူတန်းစားတစ်ရပ်အတွက် တိုးတက်ကောင်းမွန်စေရမယ်ဆိုတဲ့ မွန်မြတ်တဲ့ ဦးတည်ရည်ရွယ်ချက် ရှိရပါတယ်။ (၂) အခုမင်းတို့ရဲ့ လက်နက်ကိုင်တိုက်ပွဲက ပြည်သူတစ်ရပ်လုံးအတွက် အကျိုးစီးပွားလည်း မပါသလို ငါတို့တိုင်းပြည်ရဲ့ အဓိက စိုက်ပျိုးရေးထုတ်ကုန်ကို လုပ်ဆောင်နေကြတဲ့ တောင်သူလယ်သမားအတွက် အကျိုးစီးပွားတိုးတက်ရေးလည်း ရည်ရွယ်ချက်ထဲမှာ တိတိကျကျ မပါဘူး”

“ဒါဆို ကျွန်တော်တို့ အသက်နဲ့ရင်းပြီး လက်နက်ကိုင် တိုက်ခိုက်နေရတာက ဘယ်သူ့အကျိုးအတွက် ရည်ရွယ်ချက်နဲ့လုပ်နေတာ ဖြစ်မလဲ ”

“ရှင်းရှင်းပြောရရင် ခေတ်သစ်နယ်ချဲ့ရဲ့ လက်ကိုင်တုတ် ရုပ်သေးဘဝ ကပြနေကြရတာပဲ”

“ဟာ ဟုတ်ရဲ့လားဆရာ၊ ဟုတ်ပါ့မလား”

“မယုံလို့ ရှေ့ဆက်လျှောက်လေလေ **ရှေ့တိုးထမ်းပိုး နောက်ဆုတ်လှည်းထုပ်** ဆိုတဲ့ နွားလှည်းမှာ တံပိုးတင်ပြီး ရုန်းနေရတဲ့ နွားတိရစ္ဆာန်ဘဝနဲ့ အတူတူပဲဆိုတာ သိမြင်လာရမယ်။ နဖားကြိုးထိုးခံထားရတယ်၊ ကြိမ်တုတ်နဲ့အရိုက်ခံရမယ်၊ နားရတဲ့အခါ ကောက်ရိုးလေးကျွေးပြီး ချောင်းရေ ကန်ရေလေး သောက်ချင်သောက်ရမယ်။ မိမိကိုယ်ကို နွားဘဝရောက်နေရတာ မသေမချင်း ခံပေဦး”

“ကျွန်တော်တို့ နွေဦးတော်လှန်ရေးက ဘာလို့မအောင်မြင်နိုင်ဘူးလို့ ဆရာက အပြတ်ပြောနိုင်တာလဲ”

“ ကိုယ်ပြောတာက နှစ်ပေါင်းများစွာ လူ့သမိုင်းကို စိတ်ဝင်တစား လေ့လာဆည်းပူးထားလို့၊ သမိုင်းနိယာမ သဘောတွေကို သိမြင်လို့ ပြောတာ။ မင်းတို့ရဲ့ လုပ်ဆောင်ချက် ကောင်းခြင်း၊ မကောင်းခြင်း အပေါ် မူတည်ပြီး ထောက်ခံခြင်း ၊ ကန့်ကွက်ခြင်း မရှိဘူး။ ဒီလမ်းကို ရွေးရင် ဒီလမ်းရဲ့အဆုံးနေရာတစ်ခုကို ရောက်မှာပဲ၊ ဘယ်လမ်းကို သွားနေတာလဲ”

“ကျွန်တော်တို့ ဘယ်လမ်းကို တကယ်တမ်းသွားနေပါသလဲ”

“အမှန်ပြောရရင် မပြန်လမ်းပေါ့ကွယ်”

“ဟုတ်လား”

“ဟုတ်တယ်။ မင်းတို့က ပထမလူတော့ မဟုတ်ဘူး။ ရှေ့မှာ မင်းတို့ထက် ရာဇဝင်ပြောင်တဲ့ လုပ်ဆောင်ချက်တွေကို နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက်ပါ လူငယ်နိုင်ငံရေးသမားဘဝက ပါဝင်လှုပ်ရှားခဲ့ကြသူများဖြစ်သော်လည်း ငါ့ပါတီမှ ငါ့ပါတီ၊ ငါအရေးမှ ငါအရေးဆိုတဲ့ အတ္တမာန အစွဲဝင်သွားလို့ လမ်းလွှဲတိမ်းချော်ကျသွားခဲ့ရသူတွေလည်းပါတယ်။ သင်ခန်းစာ မင်းတို့ယူရမှာ”

“ဘယ်သူတွေလဲ ဆရာ”

“သခင်စိုး၊ သခင်သန်းထွန်း၊ ဗိုလ်ဇေယျ၊ ဗိုလ်ရန်အောင်၊ ဗိုလ်ကျော်ဇော၊ သခင်နု (ပြည်ပြေးစင်ပြိုင်အစိုးရ)၊ စိန်ဝင်း စင်ပြိုင်အစိုးရ၊ ဟန်ညောင်ဝေ စင်ပြိုင်အစိုးရနဲ့ ယခုမင်းတို့အထက်က CRPH နဲ့ NUG ဆိုတဲ့ တရားမဝင် အစုအဖွဲ့တွေပဲ”

“ဟာ ရှေ့ကအဖွဲ့တွေ အများကြီးပဲ”

“ဟုတ်တယ် ညာတာလှိုင်းတာ လူတွေက အလွန်တပ်မက်တတ်တာ။ **“သိုက်စာဖတ်ကာ ဥစ္စာရှာ၊ မကြာချမ်းသာ တွေ့နိုးနိုး”** ဆိုတဲ့ စကားလိုပဲ လူလိမ်လူညာတွေ ရေးထားကြတဲ့ သိုက်စာကိုဖတ်ပြီး သိုက်တူးကြတဲ့ သိုက်ရူးတွေရဲ့ ဘဝနဲ့အတူတူပဲ။ အညာခံကြရတာ”

“သိုက်ရူးဆိုတာ ဘာလဲဆရာ”

ရှေးအဆက်ဆက်က ကြွယ်ဝပြည့်စုံတဲ့ မင်းတွေ၊ မိဘုရားတွေ၊ သူကြွယ်သူဌေးတွေဟာ ရတနာရွှေအိုး ၊ ငွေအိုးတွေကို မြေကြီးထဲ တစ်နေရာရာ တူးမြှုပ်ပြီး ဖုံးကွယ်သိုဝှက်ထားခဲ့တယ်ဆိုပါစို့။ အဲဒါကို ထိုက်တဲ့လူရစေတော့လို့ မြေပုံညွှန်းရေးထားခဲ့တာ သိုက်စာလို့ ခေါ်တယ်။ အကျယ်မပြောတော့ပါဘူး။ ဉာဏ်ကောင်းတဲ့ လူလည် လူနပ်တွေက နောက်လိုက်နောက်ပါ တပည့်တပန်းတွေ ယုံလောက်အောင် ဆွဲဆောင်ပြောဆိုပြီး သူထင်မှတ်တဲ့နေရာကို လူမသိသူမသိ ညဥ့်နက်သန်းခေါင်မှာ ပေါက်တူး၊ ပေါက်ပြား၊ တူးရွင်းတွေနဲ့ တူးကြဖော်ကြတော့တာပေါ့ကွာ။ ရတနာရွှေအိုး၊ ငွေဒင်္ဂါးသေတ္တာ စသဖြင့် တွေ့နိုးနိုး”

“တွေ့ကြမှာပေါ့”

“သိုက်တူးလို့၊ သိုက်ဖော်လို့ ချမ်းသာတဲ့လူဆိုတာ သူတို့ကပဲ သိုသိပ်လို့၊ လျှို့ဝှက်ကြလို့လားတော့မသိ။ အခုထိ ကိုယ်တော့ မတွေ့ဖူး သေးပါဘူး။ ဉာဏ်လည်း ထက်မြက်၊ အတွေးအခေါ်အယူအဆလည်း အသင့်အတင့်ရှိပေမယ့် ဖြတ်လမ်းက ချမ်းသာချင်တဲ့ လောဘဇော အလွန်တတ်တဲ့ လူစားကို သိုက်ရူးလို့ ခေါ်တာပဲ။ သိုက်စာနဲ့အောင်ပြီး ချမ်းသာတဲ့လူတော့ မရှိသလောက်ရှားပါတယ်။

“CRPH, NUG လူကြီးတွေကရော . . . .”

“တစ်ဦးချင်း ပုဂ္ဂိုလ်ရေးအရည်အချင်း ဘယ်သူ့ကိုမှ လေ့လာမထားမိလို့ သူတို့ရဲ့ ခေါင်းဆောင်နိုင်စွမ်း ဘယ်ရွေ့ဘယ်မျှရှိကြသလဲ မသိပါဘူး။ ဘာမှမပြောလိုဘူး။”

“သူတို့အကြောင်း ဂဃနဏ မသိဘဲနဲ့ ဆရာက သိုက်ရူးလိုလို ပြောတာတော့ များနေပြီဆရာရေ”

“ပြောခွင့်ရှိပါတယ်၊ စိတ်ထဲရှိတာပြောပါ”

“သူတို့လည်း အခက်အခဲကြားက အမျိုးမျိုးစွန့်စားပြီး အခုလို သုံးနှစ်နီးပါး ရပ်တည်ရှင်သန်လှုပ်ရှားနိုင်ခဲ့တာ ချီးကျူးစရာ မဟုတ်ဘူးလား”

“ချီးကျူးချင်ရင် ချီးကျူးပါလေ မတားပါဘူး”

“ဆရာက မချီးကျူးနိုင်ဘူးလား”

“လက်တွေ့ပကတိ အမှန်တရားကို အထောက်အထားအရ ကြည့်လေ။ ပြည်သူတွေကို တရားမဲ့ သတ်ဖြတ်နေတယ်။ ရဟန်းသံဃာတော်တွေ၊ ဆရာ ဆရာမတွေကို (စွပ်စွဲချင်သလို စွပ်စွဲပြီး) ရက်ရက်စက်စက် နှိပ်စက် သတ်ဖြတ်နေတယ်။ ကိုယ်က စွပ်စွဲတာမဟုတ်ဘူး မင်းတို့ PDF ကိုယ်တိုင်က မှတ်တမ်းတင်ဂုဏ်ယူပြီး ဗီဒီယိုရိုက်ကူး၊ ပြည်သူကိုခြိမ်းခြောက် မျှဝေပြသနေလို့ အထိတ်တလန့်တို့မှာ မြင်ရကြားရတာ အထင်အရှား။ ယုတ်မာမိုက်ကန်းပုံတွေကို ပြည်သူသိကြရတာလေ။ လက်ခံနိုင်ဖွယ်မရှိဘူး။”

“တော်လှန်ရေးရဲ့ အဟန့်အတားဒလန်တွေ”

“ဒါက မင်းတို့စွပ်စွဲတာပါ။ သာမန်ပြည်သူတွေပါ။ အတိုက်အခံ အငြင်းအခုံ ဘာမှမပြောချင်ပါဘူးကွာ။ မင်းတို့လက်ထဲမှာ သေနတ်ရှိတယ်။ ဓားရှိတယ်။ ငါ့လက်ထဲမှာ ရေးစရာ မင်တံပဲရှိတယ်။ ကြောက်လို့ ရှောင်တာ၊ ပြေးတာမဟုတ်ပါဘူး။ ကိုယ်ကအမှန်တရားကိုတော့ အများသိမြင်အောင် ရဲရဲရေးမှာပါပဲ။ ကောင်းကျိုးမထွက်ပေါ်နိုင်တဲ့ အငြင်းအခုံစကားတွေ ပြောမနေချင်တော့လို့ပါ။”

“ဒါဆိုကျွန်တော်တို့ကို အကျိုးရှိအောင် ဘာများပြောပေးနိုင်မလဲ”

“မင်းတို့အသက်အရွယ် နှစ်ဆယ်၊ သုံးဆယ်။ လူ့ဘဝမှာ အရေးကြီးဆုံးနဲ့ တန်ဖိုးအရှိဆုံး အရွယ်အပိုင်းအခြားပဲ။ မှန်တာ၊ မှားတာထား။ ဘဝရဲ့အကောင်းဆုံး စွမ်းအားတွေ၊ ထက်သန်မှု၊ တက်ကြွမှု၊ စွန့်စားရဲမှု၊ စွန့်လွှတ်နိုင်မှု၊ ကာယခွန်အားသန်မာမှု၊ ထိုက်သင့်တဲ့ အသိဉာဏ်ပြည့်စုံမှု၊ ကိုယ်ပိုင်စွမ်းရည်တွေ ရှိပါလျက်ကယ်နဲ့ လေထဲတိုက်အိမ်ဆောက်၊ ကိုယ်ကျိုးသက်သက် အကြောင်းပြုပြီး (တကယ်က နိုင်ငံအတွက်၊ လူထုအတွက် မထမ်းရွက်ဘဲ လက်တွေ့မှာ ဖျက်ဆီးမီးရှို့နေတဲ့) ခေါင်းဆောင်သိုက်ရူးတွေ ဘူးသွင်းခံရပြီး ခေတ်သစ်နယ်ချဲ့ရဲ့ လှည့်စားမှုိင်းတိုက်ခြင်းကြောင့် နွေဦးတော်လှန်ရေး၊ ဒီမိုကရေစီအရေးတော်ပုံ ဘာဘာညာညာ၊ ပျားသကာ လူးထားတဲ့ မူးယစ်ဆေးဝါးအဆိပ်ကို စားမိနေကြသူတွေ။ လမ်းမှားနေကြတာ။ သနားကြင်နာပါတယ်။ စိတ်မကောင်းဘူး။ သမိုင်းကိုလေ့လာကြပါ။”

“ခရီးမထွက်ခင်၊ မြေပုံကို သေသေချာချာလေ့လာကြပါ။ ဘယ်လမ်းလျှောက်ရင် ဘယ်စခန်းရောက်မှာလဲ။ သေသေချာချာ သိအောင် မြေပုံကိုကြည့်ပါ။ သမိုင်းအမြင်မရှိဘဲ နိုင်ငံရေးလုပ်လို့ မရဘူး။ အခုတော့ . . . . ။

“နိုင်ငံရေးအတွက် လက်နက်ကိုင်တယ်ဆိုရင် ငါဘာလဲ၊ ငါဘာလုပ်နေလဲ၊ ငါဟာ ဘယ်သူ့အကျိုးရှိအောင် တိုက်နေတာလဲ၊ အဖြူအမည်း သဲသဲကွဲကွဲ မြင်နိုင်စွမ်းတော့ရှိရမယ်။ ပြောင်းလဲမှ ဖြစ်မယ်။ လုပ်တော့လုပ်နေမိတာ ဘာအတွက်မှန်း မသိပါဘူးဆိုရင် အရှုံးပဲ။ ဦးနှောက်ကိုကောင်းအောင် မိမိဘာသာ သုံးသပ်ဆင်ခြင်ရမှာပဲ။ (U-trun နောက်ပြန်လှည့်ခဲ့) ရှေ့ဆက်အသက်ရှင်ရဦးမယ့် ရက်တွေ၊ လတွေ၊ နှစ်တွေ မိသားစုအကျိုး၊ လူမျိုးတိုင်းပြည် ကောင်းကျိုးတို့ကို လမ်းကောင်းလမ်းမှန်နဲ့ ပါဝင်သယ်ပိုးနိုင်တဲ့ အခွင့်အလမ်းတွေ (ယခုမမြင်နိုင်သေးသော်ငြားလည်း) ပကတိအမှန်မှာ ရှိနေကြပါတယ်။”

“ကိုယ်မမြင်မိ၊ မသိရှိတဲ့ အခွင့်အရေး၊ ပေးထားချက်တွေ ရှိနေပါသေးတယ်။ အေးကွာ လူဆိုတာ မှားတတ်တယ်။ သေးသေးဖွဲဖွဲလည်း မှားဖူးတယ်။ ကြီးကြီးမားမားလည်း မှားဖူးတယ်။ ဆရာသင်ပြညွှန်ကြားတာ မဆင်မခြင် လိုက်လုပ်မှာပဲဆိုတဲ့ အင်္ဂုလိမာလ ဆိုသူဗလလည်း သန်မာထွားကျိုင်းပြီး ဉာဏ်ရည်လည်းထက်ပါလျက် အယူလွဲလို့ လူသတ်သမား လူရမ်းကားကြီး ဖြစ်တဲ့အပြင် မွေးမိခင်အမေကိုပင် သူကသတ်မလို့ လိုက်ဖမ်းတဲ့ကောင်။ မင်းတို့ထက် ဆိုးတာပေါ့။ နမူနာယူပေါ့။ အဆုံးတစ်နေ့ အမှန်တရား တွေ့လာတော့ မီးဖွားခြင်းမှာ ဝေဒနာသက်သာစေတဲ့ အင်္ဂုလိမာလသုတ်နဲ့ မိခင်လောင်းများကို ကူညီကယ်တင်နိုင်စွမ်းတဲ့ ရဟန်းသံဃာတော်တစ်ပါးအဖြစ် ပြောင်းလဲဖြစ်ပေါ်လာသေးတာပဲ။ ပြုပြင်လိုက်ပါ။”

> ❖ **“မင်းတို့အသက်အရွယ် နှစ်ဆယ်၊ သုံးဆယ်။ လူ့ဘဝမှာ အရေးကြီးဆုံးနဲ့ တန်ဖိုးအရှိဆုံး အရွယ်အပိုင်းအခြားပဲ။ မှန်တာ၊ မှားတာ ထား။ ဘဝရဲ့အကောင်းဆုံး စွမ်းအားတွေ၊ ထက်သန်မှု၊ တက်ကြွမှု၊ စွန့်စားရဲမှု၊ စွန့်လွှတ်နိုင်မှု၊ ကာယခွန်အားသန်မာမှု၊ ထိုက်သင့်တဲ့ အသိဉာဏ်ပြည့်စုံမှု၊ ကိုယ်ပိုင်စွမ်းရည်တွေ ရှိပါလျက်ကယ်နဲ့ လေထဲတိုက်အိမ်ဆောက်၊ ကိုယ်ကျိုးသက်သက် အကြောင်းပြုပြီး (တကယ်က နိုင်ငံအတွက်၊ လူထုအတွက် မထမ်းရွက်ဘဲ လက်တွေ့မှာ ဖျက်ဆီးမီးရှို့နေတဲ့) ခေါင်းဆောင်သိုက်ရူးတွေ ဘူးသွင်းခံရပြီး ခေတ်သစ်နယ်ချဲ့ရဲ့ လှည့်စားမှုိင်းတိုက်ခြင်းကြောင့် နွေဦးတော်လှန်ရေး၊ ဒီမိုကရေစီအရေးတော်ပုံ ဘာဘာညာညာ၊ ပျားသကာလူးထားတဲ့ မူးယစ်ဆေးဝါးအဆိပ်ကို စားမိနေကြသူတွေ။ လမ်းမှားနေကြတာ။ သနားကြင်နာပါတယ်။ စိတ်မကောင်းဘူး။ သမိုင်းကိုလေ့လာကြပါ”**

# နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် ပြည်ပဖိတ်ခေါ်ပြိုင်ပွဲများသို့ မြန်မာအားကစားသမားများ စေလွှတ်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၂

**မြန်မာ့စက်ဘီးအားကစားနည်း အဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏ သွေးစည်းညီညွတ်ရေး အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် စက်ဘီးနည်းပြသင်တန်း (အဆင့်-၂) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နည်းပြဆရာ Dr. Chester Alexander Hill နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**စေလွှတ်ယှဉ်ပြိုင်နိုင်**

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ရေတိုရေရှည် စီမံချက်များ ချမှတ်ပြီး အရှိန်အဟုန်ပြင်းစွာဖြင့် တွန်းအားပေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ နည်းပြများ၊ ဒိုင်လူကြီးများနှင့် အားကစားမှ တာဝန်ရှိသူများကို ပြည်တွင်းအားကစားပြိုင်ပွဲများ အပြင် နိုင်ငံတကာ အားကစား အတွေ့အကြုံများ ရရှိစေရန် အတွက် ပြည်ပနိုင်ငံများသို့ သင်တန်းများ စေလွှတ်ပေးလျက် ရှိကြောင်း၊ မြန်မာနိုင်ငံ စက်ဘီး အဖွဲ့ချုပ်အနေဖြင့် စက်ဘီး အားကစားနည်း ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ပြည်တွင်းစက်ဘီး ပြိုင်ပွဲများ၊ ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲ များကို အောင်မြင်စွာကျင်းပနိုင်ခဲ့ ပြီး နိုင်ငံတကာ အားကစားပြိုင်ပွဲ များနှင့် ပြည်ပဖိတ်ခေါ်ပြိုင်ပွဲများ သို့မြန်မာနိုင်ငံမှ အားကစားသမား များကို စေလွှတ်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။



**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ ကမ္ဘာ့စက်ဘီး အဖွဲ့ချုပ်မှ တာဝန်ပေးအပ်ခံရသည့် နည်းစနစ်ကျွမ်းကျင်သူ အင်္ဂလန်နိုင်ငံမှ Dr. Chester Alexander Hill က နှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ Multipurpose Hall ၌ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုက်မရောမြို့နယ်၌ ရွှေ့လျားဒစ်ဂျစ်တယ်ဓာတ်မှန်စက်ဖြင့် တီဘီရောဂါရှာဖွေကုသပေး

**ကျိုက်မရော နိုဝင်ဘာ ၂၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ခေတ်မီရွှေ့လျား ဓာတ်မှန်စက်ဖြင့် ကွင်းဆင်းတီဘီရောဂါ ရှာဖွေကုသပေးခြင်းကို နိုဝင်ဘာ ၂၁ ရက်က အောင်သုခရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒုတိယနေ့အဖြစ် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူ အများအပြားလာရောက်ပြသလျက်ရှိသည်။



အဆိုပါ တီဘီရောဂါရှာဖွေကုသခြင်း လုပ်ငန်းများကို မွန်ပြည်နယ်တီဘီတိုက်ဖျက်ရေးအဖွဲ့မှ ဒေါက်တာ တင်ကိုကိုထွေး ဦးဆောင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းကာ ဒေသခံပြည်သူများအား ရွှေ့လျားဒစ်ဂျစ်တယ် ဓာတ်မှန်စက်ဖြင့် တီဘီ ရောဂါ ရှိ/မရှိ ရှာဖွေပေးခြင်း၊ ရောဂါရှိသူများနှင့် မိသားစုဝင်များအား ပြန်လည်စစ်ဆေးပေးခြင်းတို့ကို ကျေးရွာ/ရပ်ကွက်များသို့ ကွင်းဆင်းကာ အခမဲ့ဆေးကုသပေးခြင်းများကို ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၀ ရက်က တီဘီရောဂါ ရှိ/မရှိ စမ်းသပ်ရာ၌ စုစုပေါင်း ပြည်သူ ၁၄၀ တွင် တီဘီရောဂါပိုးရှိသူ ခြောက်ဦး တွေ့ရှိထားပြီး နိုဝင်ဘာ ၂၁ ရက် လာရောက်စစ်ဆေးသူ ပြည်သူ ၈၅ ဦးတွင် တီဘီရောဂါပိုးတွေ့ရှိသူ ငါးဦးတွေ့ရှိထားသဖြင့် အဆိုပါရောဂါပိုးရှိသူများအား ဆေးစစ်ပေးခြင်း၊ သောက်ဆေးများ အခမဲ့ပေးခြင်းနှင့် ရောဂါပိုးရှိသူများ၏ မိသားစုဝင်များအား အခမဲ့ ဓာတ်မှန် ရိုက်ပေးခြင်းများကို စနစ်တကျကုသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာကျောင်းခွဲများ၌ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြော

**ပုဗ္ဗသီရိ နိုဝင်ဘာ ၂၂**

ပုဗ္ဗသီရိမြို့နယ် ကျောင်းကုန်းကျေးရွာနှင့် ညောင်လူးကျေးရွာများရှိ အခြေခံပညာအထက်တန်းကျောင်းခွဲများ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကျောင်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူ ၄၅၀ နှင့် ညောင်လူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူ ၂၀၀ စုစုပေါင်း ၆၅၀ တို့ကို သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဟောပြောခဲ့ကြပြီးနောက် သဘာဝဘေး အသိပညာပေး လက်ကမ်းစာစောင်များ၊ ဗီနိုင်းပိုစတာများ၊ ဘောပင်များ၊ ခဲတံများနှင့် ဗလာစာအုပ်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**သန်းသန်းနွယ်(ပုဗ္ဗ)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “ဝသုန်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် မြဝတီမြို့အမှတ်(၃)ရပ်ကွက်နေ မြတ်ထွေးကို(ခ) ဝသုန်အား ညနေ ၅ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ “Kyi Pyar Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၃)ရန်ပြေရပ်ကွက်နေ ကြည်ပြာဦးအား ည ၇ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “May Myat Noe” Facebook အကောင့်ပိုင်ရှင် ဖြစ်သူ လှည်းကူးမြို့ သာသနာ့ရိပ်သာရပ်ကွက်နေ မေမြတ်နိုး(ခ) ငွက်ငွက်(ခ) ခတီဂျာအား ည ၉ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

**ဆက်လက်ဖော်ထုတ်အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမှုများနှင့် နယ်စပ်ဒေသတွင်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်ဖျက်မီဒီယာများမှ ဖြန့်ဝေလျက်ရှိသည့် ကောလာဟလ ဝါဒဖြန့် သတင်းတု၊ သတင်းအမှားများ ထုတ်လွှင့်နေမှုများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့ နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်လာတဲ့ နိုင်ငံခြားသားများကို စစ်ဆေးပြီး နေရပ်ပြန်လွှတ်တာတွေ လုပ်ဆောင်ပေးလျက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ ဒီနေ့ နိုဝင်ဘာလ ၂၂ ရက်မှာတော့ နယ်စပ်ဒေသအသီးသီးမှာ ဝင်ရောက်နေတဲ့ တရုတ်အမျိုးသား ၁၀၉၁ ဦး၊ အမျိုးသမီး ၁၉၇ ဦး စုစုပေါင်း ၁၂၈၈ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရကိုပြန်လည်လွှဲပြောင်းပေးခဲ့ပါတယ်။ နိုဝင်ဘာလ ၂၂ ရက်နေ့ ဒီနေ့အထိ စုစုပေါင်း ၅၂၀၆ ဦး ရှိပြီးဖြစ်ပါတယ်။ ဒါ့အပြင် တခြားနိုင်ငံခြားသားတွေကိုလည်း သက်ဆိုင်ရာနိုင်ငံတွေနဲ့ ဆက်သွယ်ပြီး ပြန်လည်အပ်နှံတာတွေ၊ တရုတ်နိုင်ငံဘက်ကတစ်ဆင့် ပြန်လည်အပ်နှံတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်ရေးနဲ့ နယ်စပ်ဒေသမှာ တရားမဝင်လုပ်ငန်းများ ပပျောက်စေရေးအတွက် တရုတ်နိုင်ငံအစိုးရနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်လျက်ရှိတဲ့နေရာမှာတော့ မနေ့က ကျွန်တော်ပြောသလိုပဲ အနောက်နိုင်ငံအားပေး ပြည်ဖျက်မီဒီယာတချို့အနေနဲ့ကတော့ ဒီလုပ်ငန်းတွေအပေါ်မှာ နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်အောင် အကြောင်းအမျိုးမျိုးဖန်တီးပြီး ရေးနေတာတွေ တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာနိုင်ငံများနဲ့ လက်တွဲပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။



နောက်တစ်ခုကတော့ ကျွန်တော်တို့ ကောလာဟလသတင်းတွေပေ့ါ။ ဘယ်လောက်ထိလုပ်သလဲဆိုရင် ရန်ကုန်မှာဆိုရင် ပေါ်တာဆွဲနေပြီဆိုတဲ့ သတင်းမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်နေတာမျိုးတွေ့ရှိရပါတယ်။ ပြည်ဖျက်မီဒီယာများအနေနဲ့ ဒီသတင်းကိုပဲ မနေ့ကစပြီး ဒီနေ့မှာ ပိုဆိုးတာပေ့ါ။ မနေ့ကစပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်နေတာ တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရန်ကုန်မှာရှိတဲ့ ဒေသခံတွေမေးကြည့်လည်း သိပါတယ်။ အားလုံးသိပြီးသားဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ဘယ်နေရာမှ တပ်မတော်အနေနဲ့ ဒီအလုပ်မျိုးလုပ်စရာအကြောင်းမရှိပါဘူး။ တပ်မတော်အနေနဲ့ စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းဟောင်းများကိုပင် ဆင့်ခေါ်ခြင်းမရှိဘူးဆိုတာကို ကျွန်တော်တို့ပြောလိုပါတယ်။ ပြည်သူလူထုအနေနဲ့ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ကြောင်း အသိပေးပြောကြားလိုပါတယ်။ ဒါတွေဘာလို့ဖြစ်လာတယ်ဆိုတော့ အဓိကကတော့ မငြိမ်မသက်ဖြစ်နေတဲ့ နယ်မြေ၊ သောင်းကျန်းမှုဖြစ်နေတဲ့ နယ်မြေမှာ သူတို့ကိုယ်တိုင် လုပ်ဆောင်နေတဲ့ အလုပ်တွေကို ဖုံးကွယ်ချင်လို့ ဖြစ်ပါတယ်။ MNDAA အနေနဲ့ မူဆယ်၊ မုံးကိုးဒေသ မုံးကိုးမှာရှိတဲ့ ဟေမိုးလုံသာသနာပြုကျောင်းက သံဃာ ၂၆ ပါးကို ဖမ်းသွားပါတယ်။ အဲဒီအထဲက လေးပါးကို စစ်သားအဖြစ် အဓမ္မစစ်သားစုဆောင်းခဲ့တာရှိပါတယ်။ သူတို့အနေနဲ့ ကိုးကန့်ဒေသမှာ ဘယ်သူမဆို စစ်မှုထမ်းရမယ်၊ တစ်အိမ်တစ်ယောက် စစ်မှုထမ်းရမယ်ဆိုပြီး တရားဝင်ပြောကြားထားချက်တွေရှိပါတယ်။ ဒါတွေကို ဖုံးကွယ်ချင်လို့ လုပ်နေတာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ AA အနေနဲ့ ပေါက်တောမှာ AA က ထိန်းသိမ်းထားပြီဆိုပြီး ကြေညာခဲ့တယ်။ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြန်လည်ဝင်ရောက်တဲ့အခါမှာ AA အနေနဲ့ ထွက်ပြေးသွားတယ်။ အခု ပေါက်တောမှာ ကျွန်တော်တို့ မနေ့ကစပြီး လုံခြုံရေးအဖွဲ့တွေကို ပစ်ခတ်တိုက်ခိုက်တာမျိုးရှိတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနေတဲ့နေရာသည် လူနေရပ်ကွက်တွေနဲ့ ဘာမှမဆိုင်ပါဘူး။ လုံခြုံရေးနေရာမှာ နေထိုင်ခြင်းဖြစ်ပါတယ်။ ပေါက်တောမှာ ယခင်ကတည်းက ဒေသခံတွေက သူ့အိမ်နဲ့သူနေကြတဲ့ လူတွေပဲဖြစ်ပါတယ်။ ဒါတွေကို AA အနေနဲ့ ဒီနေရာတွေကို ဝင်ရောက်နေရာယူနိုင်ဖို့အတွက် ဒေသခံတွေကို နှင်ထုတ်ခဲ့တာဖြစ်ပါတယ်။ ဒီနှင်ထုတ်ခဲ့တာကိုပဲ ပြောင်းပြန်လှန်ပြီး ခားစာခံအနေနဲ့ သုံးနေတဲ့သူတွေကို ကယ်ထုတ်ဆိုပြီး လုပ်ကြံသတင်း ဝါဒဖြန့်မှုပဲ ဖြစ်ပါတယ်။ မူဆယ် ၁၀၅ မိုင်စခန်းကို MNDAA အနေနဲ့ အဝေးကနေ ပစ်ခတ်ခဲ့တာရှိပါတယ်။ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ MNDAA က ပစ်ခတ်လိုက်တဲ့ လက်နက်ကြီးကျည်ကျပြီးတော့ သံဃာအချို့ ဒဏ်ရာရရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ လောက်ကိုင်မြို့ကိုလည်း အကြောင်းမဲ့ ရှော့တိုက်ဒုံး ၁၃ လုံးနဲ့ ပစ်ခတ်ခဲ့တာရှိပါတယ်။ ဒီပစ်ခတ်မှုကြောင့် တံချိန်မှာရှိတဲ့ ကားတစ်စီး ထိမှန်ခဲ့တာမျိုးလည်း ဖြစ်ခဲ့ပါတယ်။

ဒီနေ့မှာတော့ ရှမ်းပြည်နယ်( အရှေ့မြောက်ဒေသ)မှာ နမ့်စလပ်၊ မုံးကျက်၊ တာမိုးညဲဒေသတွေမှာတော့ ထိတွေ့တိုက်ပွဲတွေ ဖြစ်ပွားနေတာရှိပါတယ်။ ကယားပြည်နယ်မှာတော့ အကျဉ်းထောင်နဲ့ မီးသတ်ကို လာရောက်ပစ်ခတ်တာမျိုးတွေရှိကြောင်း တွေ့ရပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ မနေ့ကကျွန်တော်ပြောခဲ့သလို ထရွန်အိုင်စခန်းတို့၊ နှံ့ဘူးစခန်းတို့ကို လာရောက်ပြီး ပစ်ခတ်တာရှိပါတယ်။ တပ်မတော်ဘက်က ပြန်လည်ပစ်ခတ်ရာမှာ ပြန်လည်ဆုတ်ခွာသွားတာမျိုးရှိပါတယ်။ ကယားပြည်နယ် လွိုင်ကော်မြို့တစ်ဝိုက်မှာ စစ်ရေးနဲ့မဆိုင်တဲ့ လူနေရပ်ကွက်တွေထဲကို ဝင်ရောက်တာတွေ၊ ပစ်ခတ်တာတွေကို KNPP အနေနဲ့ ဆက်လက်လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်နေတဲ့အတွက် ကယားပြည်နယ်နဲ့ ဆက်စပ် ရှမ်းပြည်နယ်(တောင်ပိုင်း) PNLO ပအိုဝ်းအခြေပြုဒေသတွေမှာ ကယားပြည်နယ်က စစ်ဘေးရှောင်များ တစ်သောင်းလောက်ရောက်ရှိနေတာတွေ့ရပါတယ်။ ခိုလှုံဖို့စခန်းတွေလည်း ၂၀ ကျော်လောက်ဆောင်ရွက်ထားရတာရှိပါတယ်။ ဒီဒေသတွေမှာ ပအိုဝ်းဒေသခံများ၊ PNLO အဖွဲ့များနဲ့ အစိုးရတို့ပူးပေါင်းပြီး စစ်ဘေးရှောင်များအတွက် လုပ်ဆောင်ပေးနေတာတွေရှိပါတယ်။ ဒေသခံပြည်သူလူထုအနေနဲ့၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့ သိရှိထားရမှာကတော့ ကျွန်တော်တို့မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးစုပေါင်းစုံ ဖွဲ့စည်းနေထိုင်တဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ တိုင်းဒေသကြီးတစ်ခုမှာပဲဖြစ်ဖြစ်၊ ပြည်နယ်တစ်ခုမှာပဲဖြစ်ဖြစ်၊ ဒေသတစ်ခုမှာပဲဖြစ်ဖြစ် တိုင်းရင်းသားလူမျိုး သီးသန့်နေထိုင်တဲ့နေရာဆိုတာ တော်တော်ရှားပါးပါတယ်။ မရှိပါဘူး။ အားလုံးသည် စုပေါင်းပြီးနေထိုင်တာဖြစ်ပါတယ်။ စုပေါင်းပြီးနေထိုင်တဲ့နေရာမှာ အန္တရာယ်များတာသည် လက်နက်ကိုင်ထားတဲ့ အဖွဲ့အစည်းများက လူမျိုးတစ်စုအနေနဲ့ လွှမ်းမိုးဖို့လုပ်နေတာသည် အန္တရာယ်များတဲ့ လုပ်ငန်းစဉ်တွေပဲဖြစ်ပါတယ်။ ဒီနေ့မှာဆိုရင် စစ်ကိုင်းတိုင်းဒေသကြီး အနောက်မြောက်ဘက်နေရာမှာ နောင်ပိုအောင်မှာ SNA ရှမ်းနီအဖွဲ့နဲ့ KIA , PDF ပူးပေါင်းအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ဒါတွေသည် အစိုးရကို လုံခြုံရေးအဖွဲ့တွေကို တိုက်ခိုက်နေတာထက် တိုင်းရင်းသားလူမျိုးစုအချင်းချင်းပါ ပဋိပက္ခဖြစ်ပွားအောင် လုပ်ဆောင်နေတာဖြစ်ပါတယ်။ ၎င်းတို့ရဲ့လုပ်ဆောင်ချက်တွေဟာ အဓိက သူတို့ကြွေးကြော်နေတဲ့ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်နေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သတိရှိရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် ပြန်လည်အေးချမ်းဖို့၊ လုံခြုံမှုရှိစေဖို့အတွက် ဒီလိုအဖျက်သမားစိတ်ဓာတ်မျိုးရှိတဲ့ သောင်းကျန်းသူများကို ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ ပူးပေါင်းပြီး အမြစ်ပြတ်ချေမှုန်းသွားရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

## “ရန်ကုန်မြို့တွင် ပေါ်တာဆွဲသည့် သတင်းကြောင့် ညဘက်သွားလာသူနည်းလာ” ဟူသည့် ကောလာဟလ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၂

ယခုရက်ပိုင်းအတွင်း လူမှုကွန်ရက်ပေါ်မှ လူပျောက်ကြော်ငြာများကြောင့် ရန်ကုန်မြို့တွင် ပေါ်တာဆွဲသည်ဟုဆိုပြီး မြို့နယ်အချို့တွင် ညပိုင်း လမ်းမများအပေါ် လူအသွားအလာ ယခင်ကထက် နည်းပါးလာကြောင်း၊ ညမှောင်သည်နှင့် ယခင်ကကဲ့သို့ လူသိပ်မရှိတော့ကြောင်း၊ ဈေးဆိုင်များလည်း စောစောသိမ်းလာကြောင်းနှင့် အလုပ်သမားများလည်း စောစောပြန်ကြသည်ဟု ကောလာဟလ မမှန်သတင်းများ ထုတ်လွှင့်၍ အများပြည်သူ ကြောက်ရွံ့ထိတ်လန့်စေရန် ဆောင်ရွက်လာသည်ကို တွေ့ရှိသည်။

အဆိုပါ ဖော်ပြမှုများသည် မဟုတ်မမှန်ကြောင်းနှင့် ကောလာဟလ သတင်းများသာဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ သိရှိရပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများအပေါ် ဒေသခံပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူများအကြား ကြောက်ရွံ့ထိတ်လန့်စေရန် ရည်ရွယ်၍ ကောလာဟလ သတင်းအမှားများ ထုတ်လွှင့်ခြင်းနေခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်




## မိုးကောင်းမြို့နယ်၌ မီတာပုံး ဝိုင်ယာရှော့ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် နိုဝင်ဘာ ၂၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ နိုဝင်ဘာ ၂၁ ရက်က မီတာပုံး ဝိုင်ယာရှော့ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၁ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် မိုးကောင်းမြို့နယ် လမ်းခွကျေးရွာနေ မရစ်ကိုင် (၇၈)နှစ်၏ နေအိမ်မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ နမ္မတီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နမ္မတီးမြို့မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်နှစ်စီးနှင့် ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ဖြစ်စဉ်အား စိစစ်ခဲ့ရာ မရစ်ကိုင်၏ နေအိမ်အောက်ထပ်ရှိ မီတာပုံးမှ ဝိုင်ယာရှော့ဖြစ်ကာ မီးကူးစက်လောင်ကြောင်း၊ မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နှစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သောကြောင့် မရစ်ကိုင်အား နမ္မတီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲတွင် အောင်နိုင်ဆုရရှိခဲ့သည့် လှေလှော်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၂၂**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ကျင်းပခဲ့သော (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့်တရုတ်နိုင်ငံ ကျင်ဒါမြို့တွင်ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲတွင် အောင်နိုင်ဆု ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် လှေလှော်အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ၂၁ ရက် ညပိုင်းက ရန်ကုန်မြို့ အင်ယားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဥပဒေချုပ် ဦးဌေးအောင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ လှေလှော်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနက (၁၉)ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲတွင် တတိယ(ကြေးတံဆိပ်)ဆုများရရှိခဲ့သည့် ရိုးရာလှေအမျိုးသား အသင်းနှင့် အမျိုးသမီးအသင်းတို့အား ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀ စီကိုလည်းကောင်း၊ JEWELLERY LUCK GROUP Co.,Ltd က (၁၉) ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲတွင် အားကစားသမားများ အတွက် ဂုဏ်ပြုဆုငွေနှင့်ညှိခံ ကျွေးမွေးစရိတ် ငွေကျပ်သိန်း ၁၅၀ ကိုလည်းကောင်း၊ ဒေဝင်ဂရု ကုမ္ပဏီက ကစားသမားများနှင့် အုပ်ချုပ်/နည်းပြများအား ဂုဏ်ပြုဆုငွေကျပ် ၁၆၅ သိန်းကိုလည်း ကောင်း၊ မြန်မာနိုင်ငံ လှေလှော် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ Mr. Lai Xue Jun က ဂုဏ်ပြုဆု ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း။

မြန်မာနိုင်ငံ လှေလှော် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၄၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေသိမ်း က ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၄၀ ကို လည်းကောင်း၊ (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အမျိုး သား/အမျိုးသမီး အသင်းအုပ်ချုပ် သူနည်းပြများအား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ 2023 Asian Rowing Master Coastal Regatta ပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးဆုရရှိခဲ့သည့် အားကစားသမား နှစ်ဦးအား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၂၀ နှင့် အသင်းနည်းပြ အုပ်ချုပ်သူတို့အား ဂုဏ်ပြုဆုငွေကျပ်ငါးသိန်းကိုလည်း ကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ လှေလှော် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ပြီး အောင်ပွဲရကစား သမားများကိုယ်စား ကစားသမား တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရ သည်။

**အာကာလင်း**

## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်



**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသား များအနေဖြင့် နယ်စပ်ဒေသများ မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင် လျက်ရှိကြောင်း သိရှိရသည့် အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်း များမှ လိုအပ်သည့်စိစစ်မှုများ ပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

**စနစ်တကျပြန်လည်လွှဲပြောင်း**

ထိုသို့လွှဲပြောင်းပေးအပ်ခြင်း များကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၁၀၉၁ ဦး၊ အမျိုးသမီး ၁၉၇ ဦး စုစုပေါင်း ၁၂၈၈ ဦးကို စိစစ်ဖော်ထုတ် ရရှိခဲ့ပြီး ထပ်မံ လွှဲပြောင်း ပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ တရုတ်နိုင်ငံသားအမျိုးသား ၄၈၂၄ ဦး၊ အမျိုးသမီး ၃၈၂ ဦး စုစုပေါင်း ၅၂၀၆ ဦး တို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ် ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူ များထံသို့ စနစ်တကျပြန်လည် လွှဲပြောင်း ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ **(အပေါ်ပုံ)**

**ဆက်လက်ဆောင်ရွက်သွားမည်**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက် နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ် ဖော်ထုတ်ခြင်းနှင့် ပြန်လည် လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကော့ကရိတ်မြို့အတွင်းသို့ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ပစ်ခတ်မှုကြောင့် လက်နက်ကြီးကျရောက် ပေါက်ကွဲခဲ့သည့်နေရာပြပုံ။

## ကော့ကရိတ်မြို့အတွင်းသို့ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သား ပြည်သူ နှစ်ဦး သေဆုံးကာ တစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အတွင်းသို့အကြမ်းဖက်သမားများ က နိုဝင်ဘာ၂၀ ရက် ညပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ သဖြင့် အပြစ်မဲ့အရပ်သား ပြည်သူ နှစ်ဦး လက်နက်ကြီးကျည် ထိမှန် သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အကြမ်းဖက်သမား များက နိုဝင်ဘာ ၂၀ ရက် ည ၁၀ နာရီခွဲခန့်တွင် ကော့ကရိတ်မြို့ အတွင်း လုံခြုံရေးဆောင်ရွက် ပေးနေသည့် တပ်ဖွဲ့ဝင်များအား ကော့ကရိတ်မြို့၏ အရှေ့ဘက် မီတာ ၁၄၀၀ ခန့်အကွာရှိ ဆင်ကုန်း ကျေးရွာ သင်္ချိုင်းဘက်မှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ရာ လက်နက်ကြီး ကျည်များသည် ကော့ကရိတ်မြို့ အမှတ်(၂)ရပ်ကွက် ဘုရင့်နောင် လမ်းရှိ ဦးထွန်းရင်၏ နေအိမ်ပေါ် သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦး သေဆုံးကာ တစ်ဦးဒဏ်ရာ ရရှိခဲ့ ကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သား ပြည်သူများနေထိုင်ရာ ကျေးရွာ အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်း ဖက်သမားများအား ချေမှုန်းနိုင် ရေးနှင့် နယ်မြေဒေသတည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းစဉ်များ အား ဆက်လက် ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## ပေါင်းတည်မြို့နယ်၌ ဆောင်းသီးနှံ ၉၃၅၁၆ ဧက စိုက်ပျိုးမည်

**ပေါင်းတည် နိုဝင်ဘာ ၂၂**

ပေါင်းတည်မြို့နယ်၌ ဆောင်း သီးနှံ ၉၃၅၁၆ ဧက စိုက်ပျိုးထုတ် လုပ်ရန် လျာထားဆောင်ရွက် လျက်ရှိကြောင်း မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ သိရသည်။

ယနေ့အထိ နှမ်းစပါး ၂၂၇၁၂ ဧက၊ နှမ်း ၇၇၁၈ ဧက၊မြေပဲ ၅၁၄၃ ဧက၊နေကြာ ၄၆၅၉ ဧက အပါ အဝင် ဆောင်းသီးနှံ စုစုပေါင်း ၉၃၅၁၆ ဧကကို လျာထားစိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရကြီး(ပြန်/ဆက်)**

## လောက်ကိုင်မြို့တွင် စစ်ဘေးရှောင်ကားတစ်စီးကို ဒုံးကျည်ထိမှန်ကာ လူထိခိုက်သေဆုံးမှုရှိခဲ့ပြီး တပ်မတော်က ပစ်ခတ်သောလက်နက်ကြီးကျည်ဟု MNDAA ပြန်ကြားရေးတာဝန်ခံပြောကြားသည်ဟု လုပ်ကြံသတင်းအား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများတွင် MNDAA၊ TNLA နှင့် AA လက်နက်ကိုင်သောင်းကျန်းသူများသည် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုကြောင့် မြို့နယ် အချို့တွင် ဒေသခံပြည်သူများ ခေတ္တတိမ်းရှောင်နေကြ လျက်ရှိရာ ယနေ့ နံနက် ၉ နာရီခွဲတွင် လောက်ကိုင်မြို့အနီး တုံချိန်အရပ်တွင် စစ်ဘေးရှောင်ပြည်သူများလိုက်ပါလာ သည့် ကားတစ်စီးအား လက်နက်ကြီးကျည်ထိမှန်ပြီး ကားပေါ်တွင်ပါလာသည့်သူများ ထိခိုက်သေဆုံးမှုရှိကြောင်း စစ်ဘေးရှောင်ပြည်သူများထံမှ သိရှိရကာ အဆိုပါပစ်ခတ်မှု သည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) မှ ပစ်ခတ် ခြင်းဖြစ်ကြောင်း MNDAA ပြန်ကြားရေးတာဝန်ခံ လီကျားဝင်းက ပြောကြားသည်ဆိုသည့် သတင်းအား လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ကြံဖြန့်ဝေမှုကို တွေ့ရှိ ရသည်။

**တပ်မတော်အပေါ်အထင်အမြင်လွဲမှားလာစေရန် လုပ်ကြံသတင်းများ ဖြန့်ဝေ**

အဆိုပါပစ်ခတ်မှုဖြစ်စဉ်အား လုံခြုံရေးဆောင်ရွက် နေသည့် တပ်ဖွဲ့ဝင်များက ပစ်ခတ်ခြင်းမရှိကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူများက တပ်မတော်စခန်း တစ်ခုအား ပစ်ခတ်လိုက်သည့်လက်နက်ကြီး ကျည်ဆန် သည် စစ်ဘေးရှောင်ပြည်သူများ လိုက်ပါလာသည့် ကားတစ်စီးအား ထိမှန်ပေါက်စီးခဲ့ခြင်းဖြစ်ကြောင်း ဒေသခံ ပြည်သူအချို့နှင့် အခြားသတင်းအရင်းအမြစ်များအရ သိရှိရပြီး အကြမ်းဖက်သမားများအနေဖြင့် ဒေသအတွင်း မတည်မငြိမ်ဖြစ်စေရန်၊ ဒေသခံတိုင်းရင်းသားများအား အကြောက်တရားဖြင့် ၎င်းတို့အား ထောက်ခံအားပေး လာစေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှား လာစေရန် ရည်ရွယ်၍ လုပ်ကြံသတင်းများ ဖြန့်ဝေခြင်း သာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လူတိုင်းစာတတ်မြောက်မှုမှသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆီသို့ . . .

ဗေရယ်မေ

နိုင်ငံတစ်နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်အတန်းမြင့်မားမှုသည် နိုင်ငံသားတိုင်း စာတတ်မြောက်မှုအပေါ် မူတည်နေပါသည်။ စာတတ်မြောက်ခြင်းသည် လူတစ်ဦးချင်း၏ လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးတို့အတွက် အရေးကြီးသကဲ့သို့ လူ့အဖွဲ့အစည်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း အရေးပါသည်။ လူတိုင်းစာတတ်မြောက်ရေးသည် ဤကမ္ဘာကြီးတွင် လိုအပ်ချက်တစ်ခုဖြစ်လာ၍ နိုင်ငံတိုင်း စာတတ်မြောက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် လှုပ်ရှားမှုများဆောင်ရွက်ကြပါသည်။



"မြန်မာစာ ရေးတတ်၊ ဖတ်တတ်ရန် အလွယ်ကူဆုံး သင်ကြားနည်းစနစ်ဖြစ်သည့် 'ဝ၊ ထ၊ က၊ လ၊ သ' မြန်မာအက္ခရာဖြင့် စတင်သင်ကြားခဲ့ကြပြီး ထိုသင်ကြားနည်းစနစ်ကို ဆရာကြီး ဦးသံဗျင်ဦးစီး၍ တီထွင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ဝ၊ ထ၊ က၊ လ၊ သမှစလို့ သင်ကြားသည့်နည်းစနစ်သည် ထိရောက်ခဲ့ပြီး သက်ကြီး၊ သက်လတ်ရွယ်အိုများ အလင်းရသွားခဲ့ကြသည်မှာ မြန်မာ့စာတတ်မြောက်ရေးလှုပ်ရှားမှုကြီး ကမ္ဘာကျော်သည်အထိ အောင်မြင်ခဲ့သည့် နည်းစနစ်တစ်ခုဖြစ်ခဲ့သည်"

## စာတတ်မြောက်ရေးလှုပ်ရှားမှု

မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ရှေးမြန်မာမင်းများလက်ထက် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ရှင်ဘုရင်များ၏ အားပေးမှုနှင့် ဘုန်းတော်ကြီးကျောင်းများ၏ သင်ကြားမှုကြောင့် စာမတတ်သူနည်းပါးပြီး စာတတ်မြောက်မှု မြင့်မားခဲ့ပါသည်။ သို့သော် နယ်ချဲ့နှင့် ဖက်ဆစ်လက်အောက်ကျွန်သပေါက်ဘဝ ကျရောက်ချိန်တွင် မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရပါသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၆၄ ခုနှစ်မှ စာတတ်မြောက်ရေးလှုပ်ရှားမှု စတင်ဆောင်ရွက်ခဲ့ရာ "အ"သုံးလုံးဟုခေါ်သော စာမတတ်သူ ပပျောက်ရေးစီမံကိန်း၊ နောင်တွင် မြန်မာနိုင်ငံစာတတ်မြောက်ရေးစီမံကိန်းဟူ၍ လှုပ်ရှားဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံမှ လူထုလှုပ်ရှားမှုပုံစံသည် စာတတ်မြောက်ရေးစီမံကိန်းများ၏ စံပြမော်ဒယ်တစ်ခုဖြစ်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းကြီးဖြစ်သော ယူနက်စကိုအဖွဲ့က ချီးမြှင့်သည့် 'မိုဟာမက်ရေဇာပါလာဗီ'ဆုကို ရရှိပြီး ၁၉၈၃ ခုနှစ်တွင် 'နိုမာဆု' ကို ရရှိခဲ့သော ကမ္ဘာကျော်ခဲ့သည့် သမိုင်းမှတ်တမ်းများ ရှိခဲ့ပါသည်။

## အောင်မြင်ခဲ့သည့် "အ" သုံးလုံးဆောင်ရွက်ချက်များ

၁၉၆၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် မိတ္ထီလာမြို့နယ် အရှေ့သဖန်းစံပြကျေးရွာ၌ "အ"သုံးလုံးကျေ တစ်လသင်တန်းကို မူလတန်းဆရာဖြစ်သင်တန်းမှ ဆရာသုံးဦးနှင့် အလယ်တန်းဆရာဖြစ်သင်တန်းမှ ဆရာတစ်ဦးတို့က ပထမဆုံး စမ်းသပ်ဖွင့်လှစ်သင်ကြားပို့ချခြင်းဖြင့် 'အသုံးလုံးသမိုင်းသစ်'ကို ဖွင့်လှစ်ခဲ့သည်။ အဆိုပါအတွေ့အကြုံကိုယူ၍ ၁၉၆၉ ခုနှစ်တွင် မိတ္ထီလာခရိုင်ကို ရွေးပြေးစမ်းသပ်ခရိုင်အဖြစ် စာမတတ်သူပပျောက်ရေးစီမံကိန်းဆောင်ရွက်ရာ ခရိုင်လုံးကျွတ်စာတတ်မြောက်သွားကြသည်။ ထိုမှဆက်၍ "အ"သုံးလုံးလှုပ်ရှားမှုများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တိုင်း၊ ခရိုင်၊ ပြည်နယ်၊ မြို့နယ်၊ ကျေးရွာ စာတတ်မြောက်ရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး နှစ်စဉ်နွေရာသီအခါတိုင်း တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ ကျောင်းပိတ်ချိန်တွင် တက္ကသိုလ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းတို့၏ စေတနာလုပ်အားဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ကြပြီး ရပ်ရွာအတွင်းရှိ အခြေခံပညာအထက်တန်းအောင်မြင်သူများ၊ သင်ယူဖူးသူများနှင့် ဘွဲ့ကြိုဘွဲ့ရ စေတနာရှင်လုပ်အားပေးများကလည်း အဆိုပါလှုပ်ရှားမှုများကို ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်မှုကြောင့် စာမတတ်သူသန်းပေါင်းများစွာစာတတ်ခဲ့ပြီး မြို့နယ်လုံးကျွတ်၊ ခရိုင်လုံးကျွတ်၊ တိုင်းလုံးကျွတ်၊ ပြည်နယ်လုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲများ ကျင်းပနိုင်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ၂၄ နှစ်တာကာလအတွင်း ပြည်သူပေါင်း နှစ်သန်းလေးသိန်းကျော် စာတတ်မြောက်ခဲ့သည်ဟု သိရသည်။

## အောင်မြင်ခဲ့သည့် မြန်မာစာသင်ကြားနည်းစနစ် ဝ၊ ထ၊ က၊ လ၊ သ

မြန်မာစာ ရေးတတ်၊ ဖတ်တတ်ရန် အလွယ်ကူဆုံး သင်ကြားနည်းစနစ်ဖြစ်သည့် 'ဝ၊ ထ၊ က၊ လ၊ သ' မြန်မာအက္ခရာဖြင့် စတင်သင်ကြားခဲ့ကြပြီး ထိုသင်ကြားနည်းစနစ်ကို ဆရာကြီးဦးသံဗျင်ဦးစီး၍ တီထွင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ဝ၊ ထ၊ က၊ လ၊ သမှစလို့ သင်ကြားသည့်နည်းစနစ်သည် ထိရောက်ခဲ့ပြီး သက်ကြီး၊ သက်လတ်ရွယ်အိုများ အလင်းရသွားခဲ့ကြသည်မှာ မြန်မာ့စာတတ်မြောက်ရေးလှုပ်ရှားမှုကြီး ကမ္ဘာကျော်သည်အထိ အောင်မြင်ခဲ့သည့် နည်းစနစ်တစ်ခုဖြစ်ခဲ့သည်။

စာတတ်မြောက်ရေးလှုပ်ရှားမှုသည် လူထု၏ အရေးတကြီးကိစ္စ၊ စာမတတ်သူ၊ 'အ'သုံးလုံးမကျေသူ တစ်ဦးတစ်ယောက်မျှ မကျန်ရလေအောင် ကောက်သင်းကောက်ပြီး ဆောင်ရွက်ခြင်းဖြစ်၍ အလွန်ပင်မွန်မြတ်လှသော ပရဟိတလုပ်ငန်းစဉ်ဟူ၍ပင် အမည်နာမတပ်ရပေမည်။ တောင်ပေါ်မြေပြန့် နယ်စွန်နယ်ဖျားအထိ ဖြန့်ကြက်ကာ တောရွာအနှံ့ ဖြန့်ကြက်ပြီး 'အ'သုံးလုံးကျေလုပ်ငန်းများကို တစ်သက်တာကြာ သင်ကြားသင်ယူခြင်း (Lifelong learning) စနစ်ဖြင့် ဆောင်ရွက်နေရဦးမည်ဖြစ်ပါသည်။ တစ်ချိန်က ဦးသိန်းထွန်း (မြစ်ကြီးနားကောလိပ်)က စပ်ဆိုခဲ့သောစာသင်ချိန် တေးကဗျာသည် 'အ'သုံးလုံးလှုပ်ရှားမှုတွင် နာမည်ကြီးအောင်မြင်ခဲ့သော တေးကဗျာတစ်ပုဒ်ဖြစ်ခဲ့သည်။

" ညမှာထိန်လင်း၊ လပြည့်ဝန်းလို
ရေးမယ်ဆိုက၊ ဝ ခေါ်သတဲ့ ဦးကြီးရဲ့
ဝ ကို နှစ်လုံး၊ ပူးလျက်သုံးက
ထ ခေါ်သဗျ အဒေါ်ရဲ့။
ထ ကိုအောက်ဖျက်၊ အသံထွက်ကို
က ဆိုသတဲ့ ဦးကြီးရဲ့။
ထ စာလုံးကို၊ ဘယ်မှာအောက်ဖျက်
ညာထက်ဖျက်က၊ လ ခေါ် သဗျ အဒေါ်ရဲ့။
ထ စာလုံးရေး၊ ဘယ်မှာဘေးဖွင့်
ညာထက်ပွင့်ကို၊ သ ခေါ်သတဲ့ ဦးကြီးရဲ့။
ဦးဦး ဒေါ်ဒေါ်၊ အခေါ်အဝေါ်၊မလွဲချော်အောင်
အော်ဟစ်ခါခါ၊ ဆိုကြပါဗျ
ဝ ထ က လ သ။ "

## စာတတ်မြောက်မှုနှုန်းနှင့် စာတတ်မြောက်ရေး ဆောင်ရွက်ချက်

စဉ်ဆက်မပြတ် ကြိုးပမ်းမှုများကြောင့် မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည် ၁၉၈၈ ခုနှစ်တွင် ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ၉၁ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၉၅ ဒသမ ၀၁ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၅ ဒသမ ၀၈ ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ်တွင် ၉၅ ဒသမ ၁၃ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာသည်ဟု သိရသည်။ စာတတ်မြောက်ရေးနှင့်ပတ်သက်ပြီး အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ပေါ်ထွန်းလာစေရန် ရည်ရွယ်လျက် ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေး၊ ကိုယ်တိုင်သင်ယူပညာရေးဟူ၍ နည်းလမ်းသုံးသွယ်ဖြင့် ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် ကျောင်းမတက်နိုင်သော မသန်စွမ်းကလေးများအတွက် ပုံမှန်ကလေးများနည်းတူ ပညာသင်ယူမှုအခွင့်အလမ်းများ ဖန်တီးပေးသည့် လူတိုင်းအကျုံးဝင်ပညာရေးကိုလည်း အကောင်အထည်ဖော်ခဲ့သည်။ မိဘများလုပ်ငန်းပြောင်းရွှေ့ရာသို့ လိုက်ပါကာ နေထိုင်ရသောကလေးများ ပညာသင်ကြားရေးအတွက် ရွှေ့လျားကျောင်းအစီအစဉ်ကိုလည်း စီမံဖော်ဆောင်ခဲ့သည်။

## ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အခြေခံစာတတ်မြောက်ရေးသည် နိုင်ငံသားတိုင်းအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်လာ၍ နိုင်ငံတော်ကလည်း အခြေခံပညာကို လူတိုင်းသင်ယူနိုင်ခွင့် ရရှိစေရမည်ဟူသော ပညာရေးမူဝါဒချမှတ်ကာ အခြေခံပညာ၏အရင်းခံဖြစ်သော စာဖတ်တတ်မှု၊ စာရေးတတ်မှုနှင့် တွက်ချက်တတ်မှုတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်နေပြည်သူများအပါအဝင် ဒေသခံတိုင်းရင်းသားများ၏ စာတတ်မြောက်မှုနှင့် အတန်းပညာတတ်မြောက်မှု အားနည်းသည်ကို တွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် " ဝ၊ ထ၊ က၊ လ၊ သ" စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသည့် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်ခဲ့ပြီးဖြစ်သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးဥပဒေဆိုင်ရာများနှင့် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ဖွဲ့စည်းထားရှိပြီး " ဝ၊ ထ၊ က၊ လ၊ သ" (အခြေခံစာတတ်မြောက်ရေး) အဆင့်မှ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်များ ရေးဆွဲထားရှိပြီးဖြစ်သည်။ အဆိုပါ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်အပေါ် ဝန်ကြီးဌာနများအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့်အစီအမံများနှင့် အကြံပြုချက်များအား ပြည်ထောင်စုဝန်ကြီးများနှင့် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းအဖြေရှာဆွေးနွေးကြပြီး ဖြစ်သည်။

စာပေသည် လူတို့အတွက် အသိအလိမ္မာတို့သိုမှီးရာ ဘဏ္ဍာတိုက်ကြီးဖြစ်သကဲ့သို့ "စာမတတ်လျှင် အကန်းနှင့်တူသည်" ဟူသောရှေးဆိုရိုးစကားသည်လည်း မှန်လှပေသည်။ စာတတ်မြောက်ခြင်းသည် လူတစ်ဦးတစ်ယောက်၏ ဘဝ၊ လူနေမှုအဆင့်အတန်းတို့သာမက မိသားစု၊ ရပ်ကွက်နှင့် လူ့အဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သကဲ့သို့ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာမတတ်သူကင်းမဲ့ပြီး လူတိုင်းစာတတ်မြောက်နိုင်ရန် ဒစ်ဂျစ်တယ်နည်းပညာခေတ်ကြီးတွင် ဆန်းသစ်ထိရောက်သောသင်ကြားသင်ယူမှုနည်းလမ်းများအသုံးချ၍ စာမတတ်သေးသူများကလည်း ကြိုးစားသင်ယူရင်း ပညာရှင်များကလည်း စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။


ကိုးကား

- ဒေါက်တာမောင်ကျော် (ပါမောက္ခငြိမ်း)၏ "အရေး အဖတ်အတွက်မှသည် အရည်အသွေးမီ ပညာရေးပန်းတိုင်သို့" ဆောင်းပါး
- လင်းအာရုဏ်ဦး(ပဲခူး)၏"စာတတ်မြောက်မှုမှသည် ဘဝတစ်သက်တာ သင်ယူလေ့လာခြင်းဆီသို့" ဆောင်းပါး
- ၈-၉-၂၀၂၃ ရက်နေ့ မြန်မာ့အလင်း (အယ်ဒီတာ့အာဘော်) "စာတတ်မြောက်ရေးလှုပ်ရှားမှု အရှိန်မြှင့်တင် စဉ်ဆက်မပြတ်ဆောင်ရွက်"
- ၁၉-၉-၂၀၂၃ ရက်နေ့ထုတ် မြဝတီသတင်းစာ၏ "ခေါင်းကြီးပိုင်းသတင်း"

# ကရင်ပြည်နယ်အတွင်း စားသုံးဆီဖူလုံမှု ရာခိုင်နှုန်းပြည့်မီကျော်လွန်စေရေး ဆီထွက်သီးနှံများကို တိုးမြှင့်စိုက်ပျိုး

ဘားအံ နိုဝင်ဘာ ၂၂

**ဆီဖူလုံရေးအတွက် ယခုနှစ်ဆောင်းရာသီတွင် ကရင်ပြည်နယ်အတွင်း ဆီထွက်သီးနှံ ဆောင်းမြေပဲ ၃၁၃၉၂ ဧက၊ ဆောင်းနှမ်း ၄၁၁၄၄ ဧကနှင့် ဆောင်းနေကြာ ၃၈၇၉ ဧကတို့ကို စိုက်ပျိုးသွားရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီခန့်က ဘားအံမြို့နယ် ကော့လိုက်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၂၀၇(က)၊ ထန်းတပင်ကွင်းရှိ တောင်သူ ဒေါ်ထူးရီ၏ ဆောင်းမြေပဲစိုက်ခင်း၌ကျင်းပသည့် ဆောင်းဆီထွက်သီးနှံမြေပဲ အစေ့ချကိရိယာဖြင့် စိုက်ပျိုးကွင်းသရုပ်ပြပွဲနှင့် ဂျစ်(ပ်)ဆမ် မြေဩဇာပေးအပ်ပွဲမှ သိရသည်။**



ကွင်းသရုပ်ပြပွဲနှင့် မြေဩဇာပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မိမိတို့ပြည်နယ်သည် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာစသည့်သီးနှံများကို စိုက်ပျိုးဖြစ်ထွန်းသော်လည်း စားသုံးဆီဖူလုံရေးအတွက် လိုအပ်လျက်ရှိသော ပြည်နယ်ဖြစ်သည့်အတွက် တောင်သူများအနေဖြင့် ဆီထွက်သီးနှံများကို မြေလွတ်၊ မြေလပ်မကျန် တိုးချဲ့စိုက်ပျိုးရန် လိုအပ်သကဲ့သို့ အထွက်နှုန်းကောင်းပြီး ဆီထွက်ရာခိုင်နှုန်းများသည့် သီးနှံများကို ရွေးချယ်စိုက်ပျိုးနိုင်မှသာ စားသုံးဆီဖူလုံမှု ရာခိုင်နှုန်းပြည့်မီကျော်လွန်လာမည်ဖြစ်ကြောင်း၊ မြေပဲသီးနှံသည် ဈေးကွက်ဝင်သီးနှံဖြစ်သည့်အပြင် နှစ်စဉ်ပန်းတိုင်အထွက်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်သည့် သီးနှံဖြစ်သည့်အတွက် အလားအလာကောင်းသည့် သီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးကြရန်နှင့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်း၊ ဂျစ်(ပ်)ဆမ်မြေဩဇာတွင် ကယ်လ်စီယမ်နှင့်ဆာလဖာဓာတ်များပါဝင်သည့်အတွက် မြေပဲတောင့်ကြီးထွားပြီး အစေ့အဆန်ပိုမိုအောင်မြင်လာမည်ဖြစ်သည့်အတွက် အထွက်နှုန်းကောင်းပြီး အရည်အသွေးပြည့်ဝသည့် ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် အလားအလာကောင်းသည့် သီးနှံများ၊ မြေပဲအပါအဝင် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကော့လိုက်၊ ကော့ကျိုက်၊ တော်ပုံ၊ ကော့တရုတ်ရ၊ ဝင်းကျန်နှင့် နောင်ထလုံး ကျေးရွာအုပ်စုတို့မှ မြေပဲစိုက်တောင်သူများအား ဂျစ်(ပ်) ဆမ်မြေဩဇာအိတ် ၁၀၀ ကို ထောက်ပံ့ပေးအပ်ရာ တောင်သူများက လက်ခံရယူသည်။

ယင်းနောက် ဆောင်းဆီထွက်သီးနှံမြေပဲ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနှင့် ကွင်းသရုပ်ပြသရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ **(အပေါ်ယာပုံ)**၊ တက်ရောက်လာသော မြေပဲစိုက်တောင်သူများက လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မြေပဲသီးနှံသည် ကရင်ပြည်နယ်၏ တန်ဖိုးမြင့် ထုတ်ကုန်တစ်ခုဖြစ်ပြီး ဘားအံမြို့နယ်သည် ပြည်နယ်၏ စုစုပေါင်းမြေပဲစိုက်ပျိုးထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် ဆီဖူလုံရေး အရေးပါသည့် မြို့နယ်အနေဖြင့် လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေအရင်းအမြစ်စီမံခန့်ခွဲမှု အားကောင်းလာစေရေးနှင့် ရေအရင်းအမြစ်များကို ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးချနိုင်စေရေးအတွက် နံနက် ၉ နာရီခန့်က တရုတ်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တရုတ်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရေအရင်းအမြစ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာဦးက ဒေသခံတောင်သူများ၏ တောင်းဆိုမှုအရ မိုးစပါးအောင်ရေပေးဝေနိုင်ရေး၊ ဆောင်းသီးနှံနှင့် နွေသီးနှံများအတွက် စွမ်းအားပြည့် စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် စီမံဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်တံမြောင်းထိပ်ရှိ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ရေပေးဝေရေးမြောင်းများ အုတ်စီရန် ကျန်သည့်အပိုင်းများကို ဆက်လက်ပြုလုပ်ပေးနိုင်ရေး မှာကြားကာ တရုတ်လှ၊ ထောင်ဝိ၊ ရဲသာ (ကမော့ကစင်)၊ နောင်ခလိုင်၊ ကော့ခမိတ်ကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံ၍ သီးထပ်၊သီးညှပ်များဖြင့် နှစ်သီးစားမှ သုံးသီးစားအထိ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်နိုင်ရေး မှာကြား၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တရုတ်လှ လျှပ်စစ်မြစ်ရေတင်၌ 37 KW Motor လေးစုံဖြင့် သံလွင်မြစ်မှ ရေကို လျှပ်စစ်ဖြင့်စုပ်တင်၍ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ဥစားကြက်မွေးမြူရေးခြံများတွင် အလုံပိတ် ခေတ်မီအအေးခန်းစနစ်ဖြင့် ဥစားကြက်ကောင်ရေ ၆၀၀၀၀ မွေးမြူထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၂



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် နိုဝင်ဘာ ၂၁ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မြေပုံကျေးရွာအုပ်စုရှိ မွေးမြူရေးတောင်သူ ဒေါ်အေးအိနှင့် ဒေါ်နန်းခင်သန်းဆွေတို့၏ ဥစားကြက် မွေးမြူရေးခြံများတွင် အလုံပိတ် ခေတ်မီအအေးခန်းစနစ်ဖြင့် ဥစားကြက် ကောင်ရေ ၆၀၀၀၀ မွေးမြူထားရှိမှု၊ စက်ဖြင့် အစာကျွေးခြင်း၊ ဥကောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး အားပေးပြီး တာဝန်ရှိသူများအား ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် GAHP–ဂျီအေအိပ်ပီနှင့်အညီ မွေးမြူထုတ်လုပ်သော လုပ်ငန်းများ ပိုမို အားကောင်းလာစေရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် ပွေးကောက်ကျေးရွာအုပ်စုရှိ ဒီဇင်ဘာ နို့စားနွား မွေးမြူရေးခြံ၏ နို့စားနွား ၁၇၁ ကောင် မွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်း မလိုင်၊ ထောပတ်၊ ဒိန်ချဉ်နှင့် နို့ခြောက် ထုတ်လုပ်မှုတို့ကို ကြည့်ရှုအားပေးပြီး တစ်ပိုင်တစ်နိုင် ယူနစ်အလိုက် မွေးမြူရေး ဆောင်ရွက်ခြင်း စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ အစားအစာ ဘေးကင်းလုံခြုံရေး အလေးထား ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပွေးတောင် ကော်ဖီခြံသို့ ရောက်ရှိပြီး ပုဂ္ဂလိကကော်ဖီလုပ်ငန်းက ထုတ်လုပ်လျက်ရှိသည့် အသင့်ဖျော်ကော်ဖီစက်ရုံနှင့် ကက်တီမိုးကော်ဖီစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။ **(ဝဲပုံ)**

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဧည့်ခန်းမ၌ ခရိုင်နှင့်မြို့နယ် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန တာဝန်ရှိသူများကို သီးခြားဆီတွေ့ဆုံ၍ ခေတ်မီနည်းပညာ အသုံးပြုစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးချဲ့ဆောင်ရွက်နိုင်ရေး အားပေးမြှင့်တင်ရန် လိုအပ်ချက်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်မားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စားဝတ်နေရေး လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စောင့်ရှောက်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပုဂ္ဂလိက ပိုးမွေးမြူရေးခြံ၏ ပိုးမွေးမြူထားရှိမှုနှင့် ပိုးထွက်ပစ္စည်းများဖြင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❒ *ကျောဖုံးမှ*

အနာတရရခဲ့ကာ အရှုံးပေးလိုက်ရသည်။ နောက်တစ်ပွဲဖြစ်သည့် အဲမွှီ(Top lethwei)နှင့် သက်ဝင်းအောင် (360 Sports)တို့ပြိုင်ပွဲ၌ ပထမအချီတွင် နှစ်ဦးစလုံး သူတစ်ပြန်ကိုယ်တစ်ပြန် ထိမိကြသည်။ အဲမွှီ စိတ်လောမှုကြောင့် ဒုတိယအချီတွင် သက်ဝင်းအောင် လက်သီးတွဲလုံးကြောင့် အဲမွှီ အမှတ်စဉ် ရေတွက်ခံရသည်။

တတိယအချီနှင့် စတုတ္ထအချီတွင် သူတင်ကိုယ်တင်ထိမိကြပြီး ပဉ္စမအချီတွင် သက်ဝင်းအောင်တံတောင်ကြောင့် အဲမွှီ ထပ်မံအမှတ်စဉ် ရေတွက်ခံရကာ ဒိုင်ငါးဦးရှိသည့်အနက် သုံးဦးက သက်ဝင်းအောင်ကို အနိုင်ပေးလိုက်သည်။ ဆီမီးဖိုင်နယ်ပြိုင်ပွဲနှင့်အတူ အမျိုးသမီးလေးချိန်ခေါ်ပွဲတွင် နော်ဥမ္မာစိုး (မြန်မာ) နှင့် ဟယ်လင်(ဆွီဒင်)တို့ပွဲ၌ လေးချီပြည့်အထိ သူတင်ကိုယ်တင် ထိမိကြသော်လည်း သရေပွဲဖြစ်ခဲ့သည်။

ထို့ပြင် သုံးချီပွဲများတွင် ဖြိုးကိုကို (Top lethweli) နှင့် သန်းလင်းအောင် (Ray)၊ နေထက်အောင်(Ks.P Team)နှင့် ပြည့်ဖြိုးအောင် (ရွှေမအူပင်) တို့ ပြိုင်ပွဲတွင် ပူးတွဲသရေကျခဲ့ကြပြီး ကောင်းဆက်နိုင် (ရိုးရာကျား)က တတိယအချီတွင် သီဟ (ရာဇဓိရာဇ်) ကို အလဲထိုးအနိုင်ရရှိသွားပြီး ပရိသတ်အကြိုက် ပွဲကောင်းများ ဖြစ်ခဲ့သည်။

ဆီမီးဖိုင်နယ်တွင် အနိုင်ရရှိသော သက်ဝင်းအောင် (360 Sports) နှင့် စိန်လုံးချော (အောင်နိုင်သူ)တို့ ဗိုလ်လုပွဲတွင် တွေ့ဆုံကြမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

❖ *ကျောဖုံးမှ*

အသင်းမှာမူ ပယ်နယ်တီအဆုံးအဖြတ်တွင် အရေးနိမ့်ပြီး ကွာတားဖိုင်နယ်နှင့် လွဲချော်ခဲ့သည်။ ပထမနေ့တွင် VUC အသင်းက YRG အသင်းကို ခြောက်ဂိုး–တစ်ဂိုး၊ ပြည့်စုံအသင်းက Futsal–19 အသင်းကို ငါးဂိုး – သုံးဂိုးဖြင့် အနိုင်ရပြီး Winner Soccer အသင်းနှင့် Dream Team Legends အသင်းပွဲတွင် ပုံမှန်ပွဲကစားချိန်၌ နှစ်ဂိုးစီသရေကျနေသဖြင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားရပြီး Dream Team Legends အသင်းက သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရကာ စုစုပေါင်း ငါးဂိုး – သုံးဂိုးဖြင့် နောက်တစ်ဆင့်တက်ရောက်ခဲ့သည်။ Dream Team အသင်းနှင့် M–Million အသင်းတို့ပွဲတွင်မူ ပုံမှန်ပွဲကစားချိန်နှင့် အချိန်ပိုတွင် သုံးဂိုးစီသရေကျနေသဖြင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ M–Million အသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရပြီး စုစုပေါင်း ခုနစ်ဂိုး – ငါးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ကွာတားဖိုင်နယ်ပွဲအဖြစ် လက်ရှိချန်ပီယံ VUC အသင်းနှင့် Dream Team Legends အသင်း၊ ပြည့်စုံအသင်းနှင့် M–Million အသင်းတို့ တွေ့ဆုံနေသည်။ ရှုံးထွက်အဆင့် ဒုတိယနေ့ကို နိုဝင်ဘာ ၂၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး TG United အသင်းနှင့် M2K အသင်း၊ MIU အသင်းနှင့် မလိကြယ်စင်အသင်း၊ Generations အသင်းနှင့် SGF အသင်း၊ လင်းလက်အသင်းနှင့် UPK အသင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ – MFF**

## အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြဋ္ဌာန်းထားပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ဆက်သွယ်ရေးစက်ပစ္စည်းများ အသုံးပြုခြင်း၊ တင်သွင်းရောင်းချခြင်းတို့ကို စနစ်တကျဖြစ်စေရန်အတွက် လုပ်ထုံးလုပ်နည်းများကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါတွင် မြန်မာနိုင်ငံအတွင်း၌ ဂြိုဟ်တုအင်တာနက် ဝန်ဆောင်မှုများကို တရားမဝင်ဆောင်ရွက်လျက်ရှိပြီး သုံးစွဲသူများအနေဖြင့်လည်း တရားမဝင်ရယူသုံးစွဲလျက်ရှိကြောင်း သတင်းအချက်အလက်များအရ တွေ့ရှိနေရပါသည်။

၃။ ဆက်သွယ်ရေးဥပဒေပုဒ်မ(၅)နှင့် လှိုင်းနှုန်းစဉ်ဆိုင်ရာနည်းဥပဒေ ၅၂(ဂ) တို့တွင် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို တည်ထောင်လုပ်ကိုင်လိုသည့်အခါနှင့် နိုင်ငံတကာဂြိုဟ်တုအော်ပရေတာများသည် အမှန်တကယ်သုံးစွဲသူ(End User)များသို့ ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးလိုသည့်အခါ လုပ်ငန်းလိုင်စင်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ ထို့အပြင် ဆက်သွယ်ရေးဥပဒေပုဒ်မ(၁၃)နှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေ ၃၃(က) တို့အရလည်း အောက်ဖော်ပြပါ ဆက်သွယ်ရေးပစ္စည်းများကို လက်ဝယ်ထားရှိရန်နှင့် အသုံးပြုရန်အတွက် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်ရယူရန် လိုအပ်ပါသည်-

(က) ဂြိုဟ်တုဆက်သွယ်ရေးပစ္စည်းများ (ဥပမာ-ဂြိုဟ်တုဖုန်း)

(ခ) ရေဒါဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ကိရိယာများ

(ဂ) ရေဒီယိုဆက်သွယ်ရေးပစ္စည်းများ (ဥပမာ-MF, HF, VHF, UHF လှိုင်းနှုန်းသုံး ဆက်သွယ်ရေးပစ္စည်းများ)

၅။ သို့ဖြစ်ပါ၍ အထက်အပိုဒ်(၄)ပါ ဂြိုဟ်တုဆက်သွယ်ရေးပစ္စည်းများနှင့် တရားမဝင် ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လိုင်စင်ရယူထားခြင်းမရှိဘဲ ဝန်ဆောင်မှုပေးခြင်း၊ တပ်ဆင်အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်းများမပြုလုပ်ကြရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်အား ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆက်သွယ်ရေးဥပဒေပုဒ်မ (၆၇)နှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)၊ ဒလသင်္ဘောကျင်းနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ဒလသင်္ဘောကျင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ကြည့်ရှုစစ်ဆေးစဉ် ဒလသင်္ဘောကျင်း အင်ဂျင်နီယာမှူးကြီးက သင်္ဘောကျင်း၏လုပ်ငန်းဆောင်ရွက်မှု၊ ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းများနှင့် ရေးဟောင်းသမိုင်းဝင် ဒီဇယ်ရုံအဆောက်အဦအား ရေးမူမပျက် ပြန်လည်ပြင်ဆင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက် ပြည်သူများအနေဖြင့် ကုန်းလမ်းခရီးကို အသုံးများလာကြသော်လည်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် သယ်ယူပို့ဆောင်ရေးစရိတ်သက်သာသော ရေလမ်းခရီးဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ရေယာဉ်များဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ခုတ်မောင်းသွားလာနိုင်ရေးအတွက် လွှန်းတင်ပြင်ဆင်မှုများကို ပုံမှန်ဆောင်ရွက်သွားရန် မှာကြားပြီး ဒလသင်္ဘောကျင်း၌ ရေယာဉ်ပြင်ဆင်နေမှု၊ စက်ရုံ၊ အလုပ်ရုံ၊ လွှန်းလမ်းများနှင့် ရေးဟောင်းသမိုင်းဝင် ဒီဇယ်ရုံအဆောက်အဦအား ရေးမူမပျက် ပြန်လည်ပြင်ဆင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်)သို့ ရောက်ရှိပြီး ရေယာဉ်ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်ရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးနေသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်ဇယားများ စနစ်တကျရေးဆွဲပြီး ဆောင်ရွက်သွားကြရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရန်၊ ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်ရရှိရန်နှင့် လုပ်ငန်းများအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားကာ တန်ချိန် ၁၂၀၀၀ ရေလုံလွှန်းကျင်း၌ လွှန်းတင်ပြင်ဆင်နေသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများ ပုံမှန်ရောင်းချပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သီလဝါ ဆိပ်ကမ်းဒေသကြီးရှိ Terminal များမှ စက်သုံးဆီများကို စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီ အရောင်းဆိုင်များသို့ စက်သုံးဆီသယ်ယာဉ် (Bowser) များဖြင့် နေ့ညမရွေး အဆက်မပြတ် ဖြည့်တင်းသယ်ယူပို့ဆောင်ဖြန့်ဖြူးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင် ၁၈၈၇ ဆိုင်သို့ ဆီသယ်ယာဉ် (Bowser) ၁၃၀၈ စီးဖြင့် 92 Ron ဂါလန် (၁ သန်း ၁ သိန်း ၆ သောင်းကျော်)၊ 95 Ron ဂါလန် (၂ သိန်း ၃ သောင်းကျော်)၊ ဒီဇယ်ဆီဂါလန်(၈ သိန်း ၅သောင်းကျော်)၊ ပရီမီယမ်ဒီဇယ်ဆီ(၁ သန်း ၄ သိန်း ၄ သောင်းကျော်) ကို ပို့ဆောင် ဖြန့်ဖြူးပေးခဲ့ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိစက်သုံးဆီအရောင်းဆိုင်များတွင်စက်သုံးဆီများကိုပုံမှန်ဖြန့်ဖြူးရောင်းချပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



REGENCY (နေပြည်တော်)





DENKO (မကွေး)





LUCKY 7 (သန်လျင်)



DENKO (မန္တလေး)

### နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

# ဓားစာခံ ၅၀ ပြန်လွှတ်ပေးရေးနှင့် လေးရက်ကြာ အပစ်အခတ်ရပ်စဲထားရန် အစ္စရေးနှင့် ဟားမားစ်တို့သဘောတူ

**ဂါဇာ နိုဝင်ဘာ ၂၂**

ဂါဇာဒေသတွင် လေးရက်ကြာ အပစ်အခတ်ရပ်စဲရေးနှင့် အပြန်အလှန်အနေဖြင့် ဟားမားစ်တို့က ဖမ်းဆီးထားသည့် ဓားစာခံ ၅၀ ကို ပြန်လွှတ်ပေးရေး အစ္စရေးနှင့် ဟားမားစ်တို့ သဘောတူထားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သဘောတူညီမှု ရရှိရေးအတွက် ကာတာနိုင်ငံက ကြားဝင် ညှိနှိုင်းပေးခြင်းဖြစ်ပြီး နိုဝင်ဘာ ၂၂ ရက်တွင် သဘောတူညီမှုရရှိပြီ ဖြစ်ကြောင်း အတည်ပြုခဲ့သည်။




ဖမ်းဆီးခံထားရသည့် ဓားစာခံများ ပြန်လည်လွတ်မြောက်ရေး အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုထံ တောင်းဆိုနေကြသူများကို တွေ့ရစဉ်။

အကျဉ်းကျ နေသည့် ပါလက်စတိုင်း ၁၅၀ ကို အစ္စရေးတို့က ပြန်လွှတ်ပေးမည်ဟု ဟားမားစ်အဖွဲ့က ပြောသည်။ အမျိုးသမီးနှင့် ကလေးများ ပြန်လွှတ်ပေးမည်ဟု နှစ်ဖွဲ့စလုံးမှပြောသည်။ နိုဝင်ဘာ ၂၁ ရက် ညပိုင်းက အစ္စရေးအစိုးရအဖွဲ့ အစည်းအဝေး ပြုလုပ်ပြီးနောက် ယခုလို သဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲမှု မည်သည့်အချိန်တွင် စတင်မည် ဖြစ်ကြောင်းနှင့် ဓားစာခံများ မည်သည့်အချိန်တွင် ပြန်လွှတ်ပေးမည်ကိုမူ မသိရသေးချေ။

**အင်န်အိတ်ချ်ကေ**

# အီတလီနိုင်ငံ၌ လှေတိမ်းမှောက်မှုဖြစ်ပွား ကလေးငယ် တစ်ဦးသေဆုံး

**ရောမ နိုဝင်ဘာ ၂၂**

အီတလီနိုင်ငံ လမ်ပီဒူဆာကျွန်းအနီးတွင် နိုဝင်ဘာ ၂၀ ရက် ညပိုင်းက ရွှေ့ပြောင်းနေထိုင်သူများ စီးနင်းလိုက်ပါလာသည့် လှေတိမ်းမှောက်မှုကြောင့် အသက်နှစ်နှစ်အရွယ် ကလေးတစ်ဦး သေဆုံးကာ ရှစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ပြည်တွင်းမီဒီယာများတွင် နိုဝင်ဘာ ၂၁ ရက်က ဖော်ပြထားသည်။ အဆိုပါလှေမှ လူပေါင်း ၄၂ ဦးကို ကယ်တင်နိုင်ခဲ့သည်ဟု သိရသည်။

**ကမ်းခြေထိရောက်အောင် ရေကူးလာနိုင်**

အဆိုပါလှေမှာ လူပေါင်း ၅၀ ကို တင်ဆောင်၍ တူနီးရှားနိုင်ငံ ဆာဖက်မြို့မှ ထွက်ခွာလာခြင်းဖြစ်သည်။ လှေပေါ်လိုက်ပါလာသည့် လူအချို့မှာ ကမ်းခြေထိရောက်အောင် ရေကူးလာနိုင်ခဲ့သည်။ အချို့ကိုမူ ကမ်းခြေစောင့်တပ်နှင့် ဒေသခံငါးဖမ်းသမားများက ကယ်တင်ခဲ့ရသည်။ ပျောက်ဆုံးသူများထဲတွင် ကလေးငယ်နှစ်ဦးလည်း ပါဝင်သည်။ နိုဝင်ဘာ ၂၀ ရက်ကလည်း လူပေါင်း ၈၀၀ တင်ဆောင်လာသည့် လှေ ၁၁ စင်းမှာ လမ်ပီဒူဆာကျွန်းသို့ ဆိုက်ကပ်လာခဲ့သည်။

**လူပေါင်း ၄၀၀ ကိုသာ ထားရှိနိုင်**

အဆိုပါကျွန်းရှိ ရွှေ့ပြောင်းနေထိုင်သူများကို ထားရှိရာနေရာတွင် လူပေါင်း ၄၀၀ ကိုသာ ထားရှိနိုင်သည်။ လှေပေါ်တွင် လိုက်ပါလာသူများမှာ ဆီးရီးယား၊ အီရတ်၊ အီဂျစ်၊ မော်ရိုကို၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှဖြစ်ကြသည်။ လမ်ပီဒူဆာကျွန်းမှာ ရွှေ့ပြောင်းနေထိုင်သူများ ဥရောပသို့ဝင်ရောက်ရန် အများဆုံးလာရောက်သည့် နေရာလည်းဖြစ်သည်။

**ဆင်ဟွာ**

# အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ်တွင် မြေပြိုမှုကြောင့် သုံးဦးသေဆုံးပြီး သုံးဦး ပျောက်ဆုံး

**ဆန်ဖရန်စစ္စကို နိုဝင်ဘာ ၂၂**

အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ် ဝရင်ဂယ်တွင် နိုဝင်ဘာ ၂၀ ရက် ညပိုင်းက မြေပြိုမှုဖြစ်ပွားခဲ့ရာ သုံးဦးပျောက်ဆုံးပြီး သုံးဦးထက်မနည်း သေဆုံးခဲ့သည်ဟု အာဏာပိုင်များက နိုဝင်ဘာ ၂၁ ရက်တွင် ပြောသည်။ ကနဦးရှာဖွေမှုများအရ နိုဝင်ဘာ ၂၀ ရက် ညပိုင်းတွင် အမျိုးသမီးတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့သည်ဟု အလာစကာ ပြည်သူ့လုံခြုံရေးဌာန ပြောရေးဆိုခွင့်ရှိသူ အော်စတင်မက် ဒန်နီရယ်က ပြောသည်။

နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် မြေပြိုရာနေရာ၌ နောက်ထပ်သေဆုံးသူ နှစ်ဦးကို တွေ့ရှိခဲ့သည်ဟု သိရသည်။ နောက်ထပ် လူငယ်နှစ်ဦးနှင့် အရွယ်ရောက်ပြီးသူတစ်ဦးမှာလည်း ပျောက်ဆုံးနေဆဲဖြစ်သည်။ မိုးရွာသွန်းမှုများနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြေပြိုမှုကြောင့် ရပ်ရွာလူထုကို ထိခိုက်စေခဲ့သည်။ ပေ ၄၅၀ နီးပါး မြေပြိုခဲ့ပြီး လမ်းပိုင်းပျက်စီးမှု ဖြစ်ပေါ်စေခဲ့သည်။ မြေပြိုမှုဖြစ်ပွားရာနေရာတွင် အပျက်အစီးများရှိကြောင်း သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က ပြောသည်။

**ဆင်ဟွာ**

# သီရိလင်္ကာ၌ သမ္မတနှင့် လွှတ်တော်ရွေးကောက်ပွဲများကို ၂၀၂၄ ခုနှစ်တွင် ပြုလုပ်သွားမည်ဟုဆို

**ကိုလံဘို နိုဝင်ဘာ ၂၂**

သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲ နှစ်ခုစလုံးကို ၂၀၂၄ ခုနှစ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၂ ရက်တွင် သီရိလင်္ကာသမ္မတ ရာနေးလ် ဝစ်ခရီမီဆင်းဂီ က လွှတ်တော်သို့ ပြောကြားလိုက်သည်။

သမ္မတ ရာနေးလ် ဝစ်ခရီမီဆင်းဂီသည် သီရိလင်္ကာနိုင်ငံ၏ လူကြိုက်အများဆုံး အားကစားများထဲမှ တစ်ခုဖြစ်သည့် ခရစ်ကတ် အားကစား ရင်ဆိုင်နေရသော အကျပ်အတည်း အပါအဝင် အခြေအနေ အရပ်ရပ်နှင့် ပတ်သက်ပြီး လွှတ်တော်သို့ အထူးထုတ်ပြန်ချက်တစ်ရပ်ကို တင်သွင်းနေစဉ် အဆိုပါကြေညာချက်ကို တစ်ပါတည်း ထုတ်ပြန်ခဲ့ခြင်းလည်းဖြစ်သည်။

ရွေးကောက်ပွဲများ ရွှေ့ဆိုင်းမည်ဆိုသော စွပ်စွဲချက်များကို ၎င်းက ငြင်းဆိုထားသည်။ ထို့အပြင် ဒေသန္တရ ရွေးကောက်ပွဲများကိုလည်း ၂၀၂၅ ခုနှစ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ သီရိလင်္ကာနိုင်ငံအစိုးရက ရွေးကောက်ပွဲကျင်းပရန် ရန်ပုံငွေမလုံလောက်ကြောင်း ထုတ်ပြန်ကြေညာပြီးနောက် နိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်က ယခုနှစ်အစောပိုင်းတွင် ဒေသန္တရ အစိုးရ ရွေးကောက်ပွဲများကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့သည်။



လာမည့် ရွေးကောက်ပွဲများအတွက် ရူပီး ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅ သန်း) ကို သီးသန့်ထားရှိထားကြောင်း စိုက်ခင်း၊ လုပ်ငန်းပြုပြင်ပြောင်းလဲရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ရန်ဂျစ်က ထုတ်ပြန်ကြေညာထားသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥမင်လိုဏ်ခေါင်းအတွင်း ပိတ်မိနေသူများကို အသက်ရှင်လျက်ကယ်တင်နိုင်ရန် ကယ်ဆယ်ရေးသမားများ ကြိုးပမ်းဆောင်ရွက်



**နယူးဒေလီ နိုဝင်ဘာ ၂၂**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းတွင် ဥမင်လိုဏ်ခေါင်း ပြိုကျခဲ့သည်မှာ ၁၀ ရက်ကြာပြီဖြစ်သည်။ ကယ်ဆယ်ရေးသမားများသည် လိုဏ်ခေါင်းအတွင်း ပိတ်မိနေသော အလုပ်သမား ၄၁ ဦးကို ကယ်တင်လျက်ရှိသည်။

**ပထမဆုံးအကြိမ်တွေ့**

ကယ်ဆယ်ရေးသမားများသည် ဗီဒီယိုလင့်ခ် တစ်ခု ဖန်တီးခဲ့ပြီး အလုပ်သမားများနှင့် ဆက်သွယ်ခဲ့သည်။ နိုဝင်ဘာ ၂၁ ရက်က ထုတ်ပြန်လိုက်သော ဗီဒီယိုဖိုင်တွင် ပိတ်မိအလုပ်သမားအချို့၏ မျက်နှာများကို ပထမဆုံးအကြိမ်တွေ့မြင်ခဲ့ရသည်။

**လိုအပ်သောပစ္စည်းများ ပေးပို့**

အလုပ်သမားများ မည်သည့်နေရာတွင် ပိတ်မိနေသည်ကို သိရှိရန် ကယ်ဆယ်ရေးသမားများက ပိုက်လုံးထဲမှတစ်ဆင့် ကင်မရာထည့်ကြည့်ခဲ့ရပြီး ယင်းပိုက်လုံးမှတစ်ဆင့် အစားအစာနှင့် အခြားလိုအပ်သော ပစ္စည်းများ ပေးပို့ခဲ့ရသည်။

**လွတ်မြောက်ရန် လုပ်ဆောင်မည်**

ကယ်ဆယ်ရေးသမားများသည် အဝကျယ်သော စတီးပိုက်ကို ကျောက်တုံးကျောက်ခဲကြားမှ လိုဏ်ခေါင်းအတွင်း ခဲရာခဲဆစ် ထည့်ခဲ့ရသည်။ အဆိုပါလမ်းကြောင်းမှတစ်ဆင့် အလုပ်သမားများ လွတ်မြောက်နိုင်ရန် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ကယ်ဆယ်ရေးသမားများသည် ပိတ်မိနေသူများနှင့် မီတာ ၆၀ ခန့်အကွာတွင် ရှိနေကြောင်း ပြောသည်။

အဆိုပါ ဥမင်လိုဏ်ခေါင်းသည် ဥတ္တရာခန်းပြည်နယ်တွင် တည်ရှိပြီး နိုဝင်ဘာ ၁၂ ရက်က ငလျင်လှုပ်ပြီးနောက် ပြိုကျခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကြက်သွန်နီဈေးကောင်းသဖြင့် ဆိပ်ဖြူမြို့နယ်၌ မိုးကြက်သွန်နီဥစိုက်များ စိုက်ပျိုးမှုများလာ



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် အတွင်းရှိ ဒေသခံပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြရာ စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ကြက်သွန်နီသီးနှံကို အဓိကထား၍ စိုက်ကေအများဆုံးစိုက်ပျိုးကြပြီး မိုးစိုက်နှင့် ဆောင်းစိုက်ဟူ၍ နှစ်စဉ်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မိုးနှောင်းရာသီဖြစ်သော အောက်တိုဘာလမှစ၍ နိုဝင်ဘာလလယ်အထိ ကြက်သွန်နီ(ဥ) စိုက်များကို ဆိပ်ဖြူမြို့၏ ရေဝတီမြစ်နှင့် ယောချောင်းဆုံရာ မြစ်ရိုးတစ်လျှောက်ရှိ မြို့ပေါ်လေးရပ်ကွက်နှင့် ကိုးထောင့်အုပ်စု၊ ကမ္ဘားကြီးအုပ်စု၊ ချင်တောင်အုပ်စု၊ အောက်ဆိပ်အုပ်စု၊ မြင်ကဝအုပ်စုရှိ ကျေးရွာများမှ မြစ်ရေဝင်ကိုင်းကျွန်းမြေများတွင် အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

လက်ရှိအချိန်တွင် နွေကြက်သွန်နီ(ပင်စိုက်)များ ရောင်းဝယ်ချိန်ရာသီကုန်ဆုံးခါနီးတွင် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လာသဖြင့် ကြက်သွန်နီစိုက်ပျိုးသည့် ဒေသခံတောင်သူများမှာ ယခင်နှစ်ထက် ကြက်သွန်နီစိုက်ပျိုးမှု ပိုမိုများလာသည့်အတွက် စိုက်ကေများပြားလာကြောင်း၊ စိုက်ပျိုးသည့်မျိုးဥအနေဖြင့် အရည်အသွေးကောင်းမွန်၍ အထားခံသည့် အခွံထူ ရွှေဖလား (ထိပ်မောက်) မျိုး၊ ကျမ်းကျွံနှင့် ဇော်မွှားမျိုးများကို စိုက်ပျိုးကြကြောင်း၊ ကြက်သွန်နီမျိုးဥစိုက်ပျိုးမှုစရိတ်မှာ ကျပ်သိန်း ၃၀ ကုန်ကျပြီး ရာသီဥတုကောင်းမွန်၍ အထွက်နှုန်းကောင်းမွန်ပါက ကြက်သွန်နီစိုက်ပျိုးတောင်သူများ အနေဖြင့် အကျိုးအမြတ်များစွာ ရရှိရန် မျှော်လင့်ကြောင်း၊ လက်ရှိအချိန်တွင် ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီဥစိုက်များ စိုက်ပျိုးထားရှိကြောင်း သိရသည်။ **DOCA (မကွေး)**

# တိုက်ကြီးမြို့နယ်၌ မတ်ပဲသီးနှံစိုက်ပျိုးမှု အခြေအနေ

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်သည် သီးနှံအမျိုးအစားမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးသော မြို့နယ်တစ်မြို့ဖြစ်ပြီး စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ယခုကာလ ဆောင်းရာသီတွင် မတ်ပဲသီးနှံကို စတင်စိုက်ပျိုးနေကြောင်း၊ မတ်ပဲသီးနှံစိုက်ပျိုးထားရှိမှု အနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မတ်ပဲသီးနှံ စိုက်ပျိုးရန် ၃၂၉၇၄ ဧက လျာထားရာ ၃၃၉၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တင်းပေါင်း ၅၇၂၄၇၆ တင်း၊ ရာခိုင်နှုန်းအားဖြင့် ၁၆ ဒသမ ၈၄ ရာခိုင်နှုန်း ထွက်ရှိခဲ့ကြောင်း၊ ယခုနှစ် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မတ်ပဲသီးနှံ တစ်နှစ်ပတ်လုံး စိုက်ကေ ၃၂၉၇၄ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလဆန်းမှ စတင်၍ စိုက်ပျိုးခဲ့ရာ အောက်တိုဘာလကုန်အထိ ၁၀၄၈ ဧကစိုက်ပျိုးပြီး ဖြစ်ကြောင်းနှင့် တိုက်ကြီးမြို့နယ်သည် ဆောင်းမတ်ပဲကိုသာ အဓိကထား၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ **DOCA (ရန်ကုန်)**

## ကော့သောင်းကုန်သွယ်ရေးစခန်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ တစ်သန်းကျော်ရှိ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ပို့ကုန်တန်ချိန် ၁၇၀၈ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉၂ သန်းနှင့် သွင်းကုန်တန်ချိန် ၃၅၂ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၀၄ သန်းဖြစ်ပြီး ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ ၁ ဒသမ ၇၉၆ သန်း ဖြစ်သည်။

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများမှာ ပုစွန်တန်ချိန် ၁ ဒသမ ၈၀၊ ရေဘဝဲ တန်ချိန် ၀ ဒသမ ၃၂၀၊ ငါးပိုင်းတန်ချိန် ၁၉ ဒသမ ၅၂၀၊ ငါးမုတ်မဲ တန်ချိန် ၂ ဒသမ ၆၄၀၊ ဘောင်းကြေးငါး တန်ချိန် ၆ ဒသမ ၆၄၀၊ ငါးချဉ်ပေါင် တန်ချိန် ၈၃ ဒသမ ၉၉၀၊ ပလာလန်းငါး တန်ချိန် ၅၃ ဒသမ ၃၃၊ တာတိုငါးတန်ချိန် ၆၆ ဒသမ ၀၃၊ ငါးမဲလုံး တန်ချိန် ၇၆ ဒသမ ၁၄၀ နှင့် ပလာတူးခက်ငါး တန်ချိန် ၃၆၆ ဒသမ ၅၆၀ တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမှာ ဓာတ်ဆီတန်ချိန် ၃၀၊ ပီလောပီနံမှုန့်တန်ချိန် ၃၀၊ အိုင်အိုဒင်းဆား တန်ချိန် ၂၆၂ တန်နှင့် ၄က်သိုက်တန်ချိန် နှစ်တန်တို့ဖြစ်ကြောင်း သိရှိရသည်။

နိုဝင်ဘာ ၂၂ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၀၃၀ ဒသမ ၉၃ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၉၇ ကျပ်ခန့်ဖြစ်ကြောင်း သိရှိရသည်။ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ ၁ ဂါလန်လျှင် ကျပ် ၁၃၅၀၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၁၃၅၀၀ ဖြစ်ကြောင်း သိရှိရသည်။ **(DOT ကော့သောင်း)**

## စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နိုဝင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်းစာရင်းများအရ ပို့ကုန်အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၆၉၂ သန်း ရှိကြောင်း သိရသည်။

ပို့ကုန်ပစ္စည်းများ အနေဖြင့် ချင်း (အစို) ရှစ်တန်၊ ငါးမြစ်ချင်း(၁-၂) ၁၅ ဒသမ ၈၈၈ တန်၊ ငါးမြစ်ချင်း (၂-၃) ၁၀ ဒသမ ၇၅၂ တန်နှင့် ငါးမြစ်ချင်း(၃-၅) ၂၄ ဒသမ ၂၄၀ တန် တင်ပို့နိုင်ခဲ့သည်။ ငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၂၃ ဒသမ ၀ တာကာနှင့် တစ်တာကာလျှင် ၂၇ ဒသမ ၇၀ ကျပ်ဖြစ်ကြောင်း သိရှိရသည်။ **(DOT စစ်တွေ)**

### ၂၂-၁၁-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရေတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၇၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၇၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၃၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၁၅၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၂၀၀ | | ၄၆၅၀ | ၁၆၀၀၀ | ၅၂၉၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၃၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၇၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၅၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၈၅၀၀ | ၈၃၀၀ | ၈၀၀ | ၈၂၀၀ | ၆၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၁၅၀ | ၁၇၀၀၀ | ၄၂၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၆၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၆၅၀ | | ၄၀၅၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၃၈၀၀ | ၁၄၅၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၃၈၀၀ | ၄၃၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၀၀၀ | ၂၇၅၀ | ၅၀၀၀ | ၁၇၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၅၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၆၈၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၅၈၀၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၃၀၀ | ၅၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၃၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၅၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၅၂၀၀ | ၁၅၅၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၇၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၃၅၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၅၅၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၄၅၀၀ | | ၁၃၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မော်လမြိုင်တွင် ငွေကျပ် ၅၀၊ ပေါ်ဆန်းဆန် တစ်ပြည်လျှင် တောင်ကြီးလျှင် ငွေကျပ် ၁၀၀၊ မော်လမြိုင်တွင် ငွေကျပ် ၁၅၀၀၊ ပဲဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၂၅၀၊ မြိတ်တွင် ငွေကျပ် ၁၀၀၊ မကွေးတွင် ငွေကျပ် ၂၀၀၊ ပဲခူးတွင် ငွေကျပ် ၃၀၀၊ မန်ကျည်းသီးတစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၃၀၀၊ အာလူး တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၊ နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ သကြားတစ်ပိဿာလျှင် ရန်ကုန် တွင် ငွေကျပ် ၃၀၀၊ ပဲခူးတွင် ငွေကျပ် ၂၀၀၊ ကြက်သားတစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ရေတ်ခြောက် တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၀၊ မုံရွာတွင် ငွေကျပ် ၂၀၀၀၊ ချင်း တစ်ပိဿာလျှင် ရန်ကုန်တွင် ငွေကျပ် ၂၀၀၀၊ အာလူး တစ်ပိဿာလျှင် မကွေးတွင် ငွေကျပ် ၅၀၀၊ ပျဉ်းမနားတွင် ငွေကျပ် ၂၀၀ ဈေးကျခဲ့ပါသည်။

# စနစ်တကျ မှိုစိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေ ရှာကြစို့

နှင်းယု

**အိမ်ရှင်မများ ချက်ပြုတ်သည့် မိသားစုဟင်းလျာများတွင် မှိုဟင်းသည် စားသုံးမှုများသည့် ဟင်းလျာတစ်မျိုးဖြစ်သည်။ မှိုသည် ကယ်လိုရီပါဝင်မှုနည်းပါးပြီး အဓိကဟင်းလျာအဖြစ် ဖြစ်စေ၊ အရန်ဟင်းလျာအဖြစ်ဖြစ်စေ လွယ်ကူလျင်မြန်စွာ ချက်ပြုတ်နိုင်သည့်အတွက် ဝယ်လိုအားရှိသည့် စိုက်ပျိုးသီးနှံတစ်ခု ဖြစ်လာသည်။ ထိုသို့ စားသုံးသူ ဝယ်လိုအားရှိသည့်အတွက် မှိုပေါက်ရာသီတွင် သဘာဝအရပေါက်သည့် မှိုကိုစားသုံးသည့်ဓလေ့မှ မှိုမွေးမြူစိုက်ပျိုးထုတ်လုပ်ကာ တစ်နှစ်ပတ်လုံး မှိုဝယ်ယူ စားသုံးနိုင်သည့်အနေအထားသို့ ရောက်ရှိလာသည်။**

တောင်သူများ၏ စိုက်ပျိုးလယ်ယာမြေများမှ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများကို ယခင်က ထယ်ထိုးထွန်မွှေခြင်း၊ မီးရှို့ပစ်ခြင်းများကိုသာ ပြုလုပ်ခဲ့သော်လည်း ယခုအခါ လယ်ယာမြေ ဘေးထွက်ပစ္စည်းများကို မှိုမွေးမြူစိုက်ပျိုးရာတွင် ပြန်လည်အသုံးပြုခြင်းဖြင့် မှိုစိုက်တောင်သူများအား အထောက်အပံ့ဖြစ်စေသည်။ ထိုကဲ့သို့ မှိုစိုက်ပျိုးထုတ်လုပ်ရန် လယ်ယာမြေထွက်ပစ္စည်းများက အထောက်အပံ့ဖြစ်စေပြီး အလွယ်တကူ စိုက်ပျိုးနိုင်ကာ အပိုဝင်ငွေ ရရှိစေနိုင်သည့်အတွက် တောင်သူများသည် မှိုကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးမှု၊ စီးပွားဖြစ် စိုက်ပျိုးမှု ရှိလာသည်။

"အရင်ကတော့ မှိုဆိုတာ စားသင့်တာနဲ့ မစားသင့်တာ ခွဲခြားသိတဲ့သူရှားတော့ စားမယ်ဆိုရင်တောင် သေချာမေးမြန်းပြီးမှ စားတတ်ကြတယ်။ အခုကတော့ စားသုံးလို့ရတဲ့ စိုက်ပျိုးမှိုတွေက ဈေးကွက်မှာ အလွယ်တကူ ဝယ်ယူလို့ရပြီးတော့ စားသုံးမှုအားရှိတယ်။ မှိုစိုက်ဖို့က ပဲရိုး၊ ကောက်ရိုး၊ ပဲမှော်၊ မြေပဲခွံတွေ သုံးလို့ရတယ်။ ဒါတွေချည်းပဲ သုံးရတာမဟုတ်ပေမယ့် စနစ်တကျ စိုက်တတ်ရင် စရိတ်နည်းတော့ မှိုစိုက်တဲ့ ကျွန်တော်တို့အတွက် အကျိုးအမြတ်ရှိတဲ့ စိုက်ပျိုးသီးနှံတစ်ခု ဖြစ်လာတယ်။ ဒီလို အကျိုးအမြတ်ရှိအောင် စနစ်တကျ စိုက်ပျိုးနည်းကို စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ - ရာသီသီးနှံဌာနခွဲက ဖွင့်လှစ်တဲ့ သင်တန်းကနေ အသိပညာ၊ နည်းပညာရရှိခဲ့ပါတယ်" ဟု ပဲခူးမြို့မှ မှိုစိုက်ပျိုးသူ ဦးဇော်မျိုးအောင်က ပြောသည်။

## နည်းပညာများ ဖြန့်ဝေလျက်ရှိ

စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ -ရာသီသီးနှံဌာနခွဲသည် မြန်မာနိုင်ငံတွင် မှိုစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မှိုစိုက်ပျိုးရေးလုပ်ငန်း စိတ်ပါဝင်စားသူတောင်သူများအား နည်းပညာများ ဖြန့်ဝေလျက်ရှိသည့်အပြင် စိုက်ပျိုးရေးဦးစီးဌာန အောက်တွင် မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများ ဖွဲ့စည်းထားရှိကာ သင်တန်းများ၊ လက်တွေ့စိုက်ပျိုးသည့် ကွင်းသရုပ်ပြပွဲများ ပြုလုပ်၍လည်း နည်းပညာဖြန့်ဝေလျက်ရှိသည်။

"ကျွန်တော်တို့ ဦးစီးဌာနက ရန်ကုန် ၉ မိုင်မှာ တစ်ခြံ၊ ပြင်ဦးလွင် ဒိုးကွင်မှာ တစ်ခြံ၊ တောင်ငူ ကျောက်တိုင်မှာ တစ်ခြံ၊ မှော်ဘီ ညောင်နှစ်ပင်မှာ တစ်ခြံ၊ ပဲခူး ၁၀ မိုင်မှာ တစ်ခြံ စုစုပေါင်း ခြံပေါင်း ငါးခြံကနေ မှိုစိုက်ပျိုးနည်းပညာကို တောင်သူတွေထံ အခမဲ့ဖြန့်ဝေပေးလျက် ရှိပါတယ်။ ရက်တို သင်တန်းတွေ ဖွင့်လှစ်ပါတယ်။ သင်တန်းမှာ စားသောက်စရိတ်ကိုသာ သင်တန်းတက်တဲ့ တောင်သူအနေနဲ့ ကုန်ကျမှု ရှိပါတယ်၊ ကျန်တာက အခမဲ့ဖြစ်ပြီးတော့ မှိုစိုက်တောင်သူတွေ အကျိုးဖြစ်ထွန်းအောင် စနစ်တကျ သင်တန်းပေး ဆောင်ရွက်လျက်ရှိပါတယ်။ " ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောကြားသည်။



ကောက်ရိုးမှို (ပုံစံခွက်နှင့်စိုက်ပျိုးနည်း)



> **"စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်၊ ပြည်သူများ၏ လယ်ယာကဏ္ဍနှင့် ပတ်ဝန်းကျင်ရှိ ဘေးထွက်ပစ္စည်းများကို မှိုစိုက်ပျိုးရေးဖြင့် အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ကျန်းမာရေးနှင့် ညီညွတ်သော ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်အဖြစ် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနိုင်ရန်၊ မသန်စွမ်းသူအမျိုးသမီးများပါ ပါဝင်ဆောင်ရွက် စိုက်ပျိုးနိုင်သည့်အတွက် လူ့စွမ်းအားအရင်းအမြစ်ကို အထောက်အကူပြုနိုင်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရန်နှင့် မှိုစိုက်ပျိုးခြင်းဖြင့် အချိန်တိုအတွင်း ဝင်ငွေ ရရှိစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိ"**

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်၊ ပြည်သူများ၏ လယ်ယာကဏ္ဍနှင့် ပတ်ဝန်းကျင်ရှိ ဘေးထွက်ပစ္စည်းများကို မှိုစိုက်ပျိုးရေးဖြင့် အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ကျန်းမာရေးနှင့် ညီညွတ်သော ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်အဖြစ် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနိုင်ရန်၊ မသန်စွမ်းသူ အမျိုးသမီးများပါ ပါဝင်ဆောင်ရွက်စိုက်ပျိုးနိုင်သည့်အတွက် လူ့စွမ်းအားအရင်းအမြစ်ကို အထောက်အကူပြုနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရန်နှင့် မှိုစိုက်ပျိုးခြင်းဖြင့် အချိန်တိုအတွင်း ဝင်ငွေ ရရှိစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

## အခမဲ့ဖြန့်ဝေ

တောင်သူများအနေဖြင့် မှိုစိုက်ပျိုးနည်းပညာကို ဖတ်ရှုလေ့လာပြီး လက်တွေ့စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံသည် မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်နည်းများ စာအုပ်ကိုပြုစုကာ မှိုစိုက်ပျိုးသူများထံ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မှိုသည် နေရောင်ခြည်ဖြင့် အစာချက်လုပ်နိုင်ရန်အတွက် အစိမ်းရောင်အဖွဲ့အစည်း (Chlorophyll) မရှိခြင်းကြောင့် မှိုမျှင်တွယ် ကပ်စားသုံး၍ မှိုမျှင်အဖွဲ့အစည်း(Hyphae) ဖြစ်ပေါ်နိုင်ရန် အောက်ခံအာဟာရပြင် လိုအပ်သည်။ အာဟာရရရှိမှ မှိုဥ/မှိုပွင့်များ ထွက်လာနိုင်ပြီး မှိုထုတ်လုပ်မှု လုပ်ငန်းစဉ်တွင် မိခင်မှိုမျိုးသန့်မွေးဖွားခြင်း၊ မိခင်မှိုမျိုးစေ့ပြုလုပ်ခြင်း၊ မှိုစိုက်ထုပ်ပြုလုပ်ခြင်းနှင့် မှိုစိုက်ပျိုးခြင်းဟူ၍ အဆင့်လေးဆင့်ပါဝင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"အရင်ကတော့ ကျွန်တော်တို့ ဦးစီးဌာနခြံတွေမှာ သင်တန်းတွေဖွင့်လှစ်ပြီး မှိုစိုက်ပျိုး နည်းပညာကို ဖြန့်ဝေတာပါ။ တစ်နှစ်လေးကြိမ် ဖွင့်လှစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ခြံတိုင်းမှာတော့ သင်တန်းတွေ မဖွင့်လှစ်သေးပါဘူး။ ရန်ကုန်က ၉ မိုင်ခြံမှာတော့ ကိုဗစ်ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ သင်တန်းတွေ ဖွင့်လှစ်လျက် ရှိပါတယ်။ ပြီးတော့ ဆက်စပ်ဌာနတွေကနေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ မှိုစိုက်ပျိုးနည်းပညာသင်တန်း ဖွင့်လှစ်ပေးဖို့ ညှိနှိုင်းဖိတ်ခေါ်မှုအရ ဆောင်ရွက်ပေးတာတွေ ရှိပါတယ်။ မှိုစိုက်ပျိုးတောင်သူတွေအနေနဲ့ လိုအပ်တဲ့နည်းပညာအကူအညီ လိုအပ်လို့ ဖုန်းနဲ့ဖြစ်စေ၊ လာရောက်မေးမြန်းရင် ဖြစ်စေ ပြောကြားပေးပါတယ် " ဟု ညွှန်ကြားရေးမှူးက ရှင်းပြသည်။

## စိုက်ပျိုးနည်းများကို သင်ကြားပို့ချ

စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ဖွင့်လှစ်သည့် မှိုစိုက်ပျိုးနည်း သင်တန်းများတွင် မှိုစိုက်ပျိုးမှုသမိုင်း၊ မွေးမြူနည်းများ၊ မှိုမျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ မှိုမွေးမြူရန် အာဟာရပြင်ဆင်ခြင်း၊ ဆေးဖက်ဝင်မှို အမျိုးအစားများနှင့်ကောက်ရိုးမှိုများ စီးပွားဖြစ် စိုက်ပျိုးနည်းများကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်က ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာနရဲ့ ဘက်စုံစိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်း ၁၀ မိုင်မှာ ၂၀၂၂ ခုနှစ် ဇွန် ၈ ရက်ကနေ ၁၄ ရက်အထိ ရက်တိုဖွင့်လှစ်တဲ့ မှိုစိုက်နည်းသင်တန်းကို တက်ရောက်ခဲ့တယ်။ သင်တန်းတက်ပြီးတော့ အခု ငွေနှင်းမှိုအထုပ် ၇၀၀ စတင်စမ်းသပ်စိုက်ပျိုးနေပါပြီ။ မှိုအထွက်က ၂၅ ကျပ်သားခန့် ထွက်ရှိပြီဖြစ်ပါတယ်။ အခုက မရောင်းရသေးတော့ ဝင်ငွေတော့ မရရှိသေးပါဘူး။ ဒါပေမယ့် စနစ်တကျစိုက်ပျိုးတတ်ပြီ ဖြစ်တဲ့အတွက် ဝင်ငွေရ နည်းလမ်းတစ်ခုရတာပါပဲ" ဟု ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်မှ မှိုစိုက်တောင်သူ ဦးမောင်ရွှေညွန့်က ပြောပြသည်။

မှိုစိုက်ပျိုးတောင်သူများသည် ကောက်ရိုးမှို၊ ငွေနှင်း/ငွေမိုးမှို စသည့်မှိုမျိုးများကို အများဆုံး စိုက်ပျိုးလေ့ရှိသည်။

"စိုက်ပျိုးရေးဦးစီးဌာနကပေးတဲ့ သင်တန်းကရတဲ့ မှိုစိုက်နည်းပညာကို ကိုယ်တိုင်တက်ရောက်ခဲ့တယ်။ ကိုယ်တိုင်လည်း နည်းပညာရရှိသလို ကိုယ့်အရပ် ကိုယ့်ဒေသက တောင်သူတွေ တစ်ပိုင်တစ်နိုင်ပဲဖြစ်ဖြစ်၊ စီးပွားဖြစ်ပဲဖြစ်ဖြစ် စိုက်နိုင်ဖို့ သင်တန်း ပြန်ပေးနိုင်ခဲ့တယ်။ CSO (အရပ်ဘက် လူမှုအဖွဲ့အစည်း) တည်ထောင်ထားပြီး ကိုယ့်ဒေသက မှိုစိုက်တောင်သူ ၁၀ ဦးကို နည်းပညာတွေ ပြန်လည်ဖြန့်ဝေပေးခဲ့ပါတယ်။" ဟု သင်တန်း တက်ရောက်ခဲ့ဖူးသည့် ကချင်ပြည်နယ် မိုးမောက်မြို့နယ်မှ တောင်သူ ဦးထိန်လင်းက ပြောပြသည်။

မှိုစိုက်ပျိုးရာတွင် ခန့်မှန်းခြေအားဖြင့် ကောက်ရိုးမှို တစ်ပိဿာရရှိရန် မှိုမျိုးထုပ်တစ်ထုပ်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် မှိုမျိုးထုပ်နှစ်ထုပ် စိုက်ပျိုးရပြီး ကောက်ရိုးမှိုတစ်ပိဿာလျှင် ကျပ် ၈၀၀၀ နှုန်းရရှိကြောင်း၊ ငွေနှင်းမှိုတစ်ပိဿာရရှိရန် မှိုမျိုးထုပ်တစ်ထုပ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် မှိုမျိုးထုပ်လေးထုပ် စိုက်ပျိုးရပြီး ငွေနှင်းမှို တစ်ပိဿာလျှင်ငွေကျပ် ၄၀၀၀ နှုန်းရရှိကြောင်း မှိုစိုက်တောင်သူများထံမှ သိရသည်။

သို့ဖြစ်ရာ တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ စီးပွားဖြစ် ဖြစ်စေ မှိုစိုက်ပျိုးရန် စိတ်ပါဝင်စားသူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲနှင့် ချိတ်ဆက်၍ သင်တန်းများ ပါဝင်တက်ရောက်ခြင်းဖြင့် မှိုစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ငွေနှင်းမှို



ကောက်ရိုးမှို

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့် အထူးကုဆေးအဖွဲ့တို့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၂**

ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက် ပေးရန်အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာမြို့ တိုက်နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ချောင်းသာမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၇၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၈၆ ဦး၊ ခွဲစိတ်ရောဂါ ၂၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၃၃ ဦး၊ အရိုးရောဂါ ၉၈ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၃၇ ဦး၊ မျက်စိရောဂါ ၁၂၆ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၅၁ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ လေးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့်တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ရှိ ရဟန္တာဦး သီလဓာတ်တော်စေတီဝင်းအတွင်းရှိ ဦးသီလသာသနဗိမာန်၌ အခြေပြု၍ ဇလွန်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၀၀၁ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၃၈၆ ဦး၊ ခွဲစိတ်ရောဂါ ၁၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၅ ဦး၊ ကလေးရောဂါ ၃၆ ဦး၊ အရိုးရောဂါ ၂၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၇ ဦး၊ မျက်စိရောဂါ ၁၂၅ ဦးနှင့် သွားရောဂါ ၁၄၁ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၇ ဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်လူနာ ၄၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ နှစ်ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည် -

**ဦးထွန်းထွန်းလင်း**
**မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဇလွန်မြို့**

အခု လာရောက်ကုသတဲ့ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့နဲ့ ပတ်သက်ပြီး အားလုံးအဆင်ပြေပြေ ဆေးကုသနိုင်ဖို့၊ ဆေးကုသမယ့် လူနာတွေ အချိန်မီရောက်ရှိကုသနိုင်ဖို့



အဆင်ပြေပြေ ကုသနိုင်ဖို့နဲ့ လာရောက်ကုသတဲ့ လူနာတွေအတွက် အုပ်ချုပ်ထောက်ပံ့ကိစ္စတွေဖြစ်တဲ့ ထမင်းထုပ်တွေ ကျွေးမွေးနိုင်ဖို့၊ ရေ၊ မုန့်စတာတွေ အဆင်ပြေဖို့နဲ့ နောက်တစ်ခုက ဆေးကုသတဲ့ အဖွဲ့တွေလည်း နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးအဆင်ပြေနိုင်အောင် ကျွန်တော်တို့က ကြိုတင်စီမံဆောင်ရွက်ရတဲ့အပိုင်းတွေကို တာဝန်ယူ ဆောင်ရွက်ရပါတယ်။ အခု နယ်လှည့် ဆေးကုသရေးအဖွဲ့ ရွှေပုဇွန်ရေယာဉ်ကြီးက ကျွန်တော်တို့မြို့နယ်မှာ နိုဝင်ဘာ ၂၁ ရက်နေ့ကနေ စတင်ပြီးကုသပေးမယ်ဆိုပြီး သိရတဲ့အချိန်ကစပြီး ကျွန်တော်တို့ ဇလွန်မြို့နယ်မှာ ရှိနေတဲ့ ပြည်သူတွေရဲ့ကိုယ်စား ကိုယ့်ဒေသကို လာရောက် ကုသမယ့်အဖွဲ့တွေကို နွေးထွေးစွာ ကြိုဆိုဖို့ အစကတည်းက ကျွန်တော်တို့မှာ စိတ်ကူးရှိပြီးသားဖြစ်ပါတယ်။ အခုလိုအချိန်မှာ လာရောက်ကုသတဲ့ အခြေအနေမှာလည်း ကျွန်တော်တို့ ဒေသအတွင်းမှာရှိတဲ့ ပြည်သူတွေဖြစ်ကြတဲ့ လူနာတော်တော်များများကလည်း ဝမ်းသာအားရနဲ့ ဒီကိုလာရောက်ပြီး ကုသနေတာတွေကို မြင်တွေ့ရတဲ့အတွက် မြို့နယ်မှာရှိတဲ့ ပြည်သူတွေရဲ့ကိုယ်စား အင်မတန်မှ ဝမ်းသာပြီး အထူးကျေးဇူးတင်ရှိကြောင်း ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစောပိုင်းက ကျွန်တော်တို့ဆီမှာ ဆေးကုသဖို့သတ်မှတ်ပေးထားတဲ့ရက်က နိုဝင်ဘာ ၂၁ ရက်နဲ့ ၂၂ ရက်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ဆေးကုသရေးအဖွဲ့မှာပါတဲ့ဆရာဝန်ကြီးတွေရဲ့ စေတနာနဲ့ ကျွန်တော်တို့မြို့နယ်ကို နောက်ထပ်တစ်ရက်တိုးပြီး နိုဝင်ဘာ ၂၃ ရက်အထိ သုံးရက်တိုင်တိုင် ကုသပေးမယ်ဆိုတဲ့ သတင်းကြားရတဲ့အတွက် ဒေသအတွင်းမှာရှိတဲ့ လူနာတွေအတွက် ပိုပြီးတော့ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ ဒီနယ်လှည့်ဆေးကုသရေးအဖွဲ့က တာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။

**ဒေါ်နုနုလွင်၊ ချောင်းသာ(၁) ရပ်ကွက်၊ ချောင်းသာမြို့**

တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့က ချောင်းသာကို လာပြီး အခမဲ့ဆေးကုသပေးတယ်ဆိုလို့ ကျွန်မရဲ့ မျက်စိရောဂါကို လာပြတာပါ။ ကျွန်မရဲ့မျက်စိက လွန်ခဲ့တဲ့ ခြောက်နှစ်ကတည်းက ခွဲစိတ်ရမှာပါ။ ကျွန်မမှာ ငွေရေးကြေးရေးအဆင်မပြေလို့ မခွဲစိတ်နိုင်တဲ့အတွက် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့က အခမဲ့ခွဲစိတ်ပေးမယ်ဆိုလို့ လာရောက်ပြသတာပါ။ မျက်စိတစ်ဖက်မမြင်ရတော့ လမ်းသွားရတာလည်း အဆင်မပြေဘူး။ ဆိုင်ကယ်တွေဘာတွေနဲ့သွားရင်လည်း အန္တရာယ်ရှိပါတယ်။ အဲဒါ




ကြောင့် မျက်စိအလင်း ပြန်မြင်ချင်ပါတယ်။ ကိုယ့်မှာလည်း ငွေရေးကြေးရေးမတတ်နိုင်တော့ အခုလို လာပြီး အခမဲ့ခွဲစိတ်ကုသပေးတာ အလွန်ဝမ်းသာပါတယ်။ ရောဂါဝေဒနာတွေကို လာရောက်ကုသတဲ့ လူတွေအားလုံးရဲ့ကိုယ်စား အခုလို လာရောက်ကုသပေးတဲ့ တပ်မတော်သား ဆေးကုသတဲ့ ဆရာဝန်ကြီးတွေကိုလည်း အလွန်ကျေးဇူးတင်ပါတယ်။ ကိုယ့်မျက်စိ ပြန်ပြီးမြင်ရမယ်ဆိုတော့ အတိုင်းထက် အလွန်ဝမ်းသာပါတယ်။ ဆရာဝန်ကြီးတွေ၊ တပ်မတော်သားတွေ အားလုံးကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်းပါစေ၊ ဘေးရှင်းပါစေ၊ လိုရာဆန္ဒတွေ ပြည့်ဝပါစေ။ အခုလို ကျွန်မတို့ ဆေးကုသနိုင်အောင် စီစဉ်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ပုံမှန်အတိုင်းဖွင့်ထားပြီး ယာဉ်များပုံမှန်သွားလာနေ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ပုံမှန်အတိုင်းဖွင့်ပေးထားသောကြောင့် ယာဉ်များပုံမှန်အတိုင်း ဖြတ်သန်းသွားလာ မောင်းနှင်အသုံးပြုလျက်ရှိကြောင်း အဝေးပြေးယာဉ်ရပ်နားစခန်းက သိရသည်။

"အမြန်လမ်းမကြီးမှာကားတွေလည်း ပုံမှန်သွားနေပါတယ်။ အရင်က ည ၁၂ နာရီ ဆိုရင် မဖြတ်ရတာတွေတောင်မှ အခုဆိုရင် ဖြတ်သန်းသွားလာမောင်းနှင်နေကြပါတယ်။ အဝေးပြေးယာဉ်တွေလည်း ပုံမှန်အတိုင်း ပြေးဆွဲနေပါတယ်" ဟု ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ပိတ်လိုက်ကြောင်း ကောလဟာလသတင်းအချို့ စတင်ထွက်ပေါ်နေသည့်အပေါ် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း တာဝန်ရှိသူက ပြောသည်။




ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် မော်တော်ယာဉ်များ ပုံမှန်အတိုင်းသွားလာနေသည်ကို နိုဝင်ဘာ ၂၂ ရက် ညပိုင်းက တွေ့ရစဉ်။
ဓာတ်ပုံ- HP

ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးတွင် ရန်ကုန် - နေပြည်တော် လမ်းပိုင်းကို ၂၀၀၉ ခုနှစ် မတ် ၂၅ ရက်က လည်းကောင်း၊ နေပြည်တော် - စကားအင်းလမ်းပိုင်းကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂၉ ရက်ကလည်းကောင်း၊ စကားအင်း - တံခွန်တိုင် (မန္တလေး) လမ်းပိုင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၃၃၆ မိုင် သုံးဖာလုံအရှည်ရှိကာ မြို့နယ်ပေါင်း ၂၂ မြို့နယ်ကို ဖြတ်သန်းဖောက်လုပ် ထားရှိခြင်း ဖြစ်သည်။

ယခုအခါ ရန်ကုန်-မန္တလေးအမြန်လမ်းမပေါ် မောင်းနှင်ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များတွင် Telematics စနစ် တပ်ဆင်အသုံးပြုရန် ပြင်ဆင်နေသောကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က Telematics စနစ်နှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါခေါ်ယူထားကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် သွားလာလျက်ရှိသော ခရီးသည်တင်မော်တော်ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အမြန်လမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်များသွားလာနေမှုကို Command Centre မှ ထိန်းချုပ်ကြည့်ရှုရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးခိုင်**

## ဒါရိုက်တာကြည်စိုးထွန်း၏ "မြန်မာ့ရုပ်ရှင်စကားဝိုင်း"စာအုပ်ထွက်ပြီ

**နေပြည်တော် နိုဝင်ဘာ ၂၂**

သက်ကြီးဝါရင့်ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများနှင့် တွေ့ဆုံစကားပြောခဲ့သည့် ဒါရိုက်တာကြည်စိုးထွန်း၏ "မြန်မာ့ရုပ်ရှင်စကားဝိုင်း"စာအုပ်ထွက်ရှိပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် သက်ကြီးဝါရင့်ရုပ်ရှင်ပညာသည်ကြီးများဖြစ်ကြသော အလင်္ကာကျော်စွာစည်သူ ဒေါက်တာ ဗိုလ်ကလေးတင့်အောင်၊ ဒေါ်မြင့်မြင့်ခင်၊ ဦးငွေအောင်၊ ဒေါ်ခင်လှဲ့၊ ဦးစံမတူ၊ ဒေါ်နွဲ့နွဲ့စန်း၊ ဒါရိုက်တာမောင်မောင်မြင့်၊ ဒေါ်အေးအေးသင်း၊ မြို့မကိုပေါ၊ ဒေါ်ခင်လေးဆွေ၊ ဦးမောင်လေး၊ စံရှားတင်၊ ဦးအောင်လွင်၊ မေမြင့်ရီ၊ ဦးကြည်စိုး၊ သင်းသင်းလှဲ့၊ ဦးစိုးရွှေ၊ မပန်းဝါ၊ ဦးပလာတာ၊ ဦးထွန်းလှိုင်၊ ရုပ်ရှင်ဒါရိုက်တာ မောင်နှင်းမိုး၊ မောင်ယဉ်ထွေးတို့နှင့် တွေ့ဆုံ၍ ရုပ်ရှင်လောက ဖြတ်သန်းခဲ့မှုဘဝအတွေ့အကြုံများကို ပြန်လည်အမှတ်ရစကားပြောခဲ့သည့် မှတ်တမ်းများကို စုစည်းတင်ပြထားသည်။

သက်တော်ရှည် အနုပညာသည်ကြီးတို့ .. ဖြတ်သန်းတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များမှတစ်ဆင့် ရုပ်ရှင်လောက၏ အနိမ့်အမြင့်၊ ရုပ်ရှင်လောကသားတို့၏ ဘဝအတက်အကျများ၊ ရုပ်ရှင်ဘဝ တစ်စိတ်တစ်ပိုင်းနှင့် ဖြတ်သန်းကျော်လွှားခဲ့ကြသည့် ရုပ်ရှင်သမိုင်းမှတ်တိုင်များ၏ မှတ်တမ်းများကို လေ့လာဖတ်ရှုနိုင်သလို မြန်မာ့ရုပ်ရှင်သမိုင်းနှင့်ပတ်သက်၍ လေ့လာမှတ်သား ကိုးကားနိုင်မည့် ရှားပါးစာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ဝူဖရီးစက္ကူ၊ စာမျက်နှာ ၇၃၆ မျက်နှာဖြင့် ထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် ၁၇၀၀၀ နှုန်းဖြင့် နေပြည်တော်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ ဖုန်း- ၀၆၇-၃၄၁၂၃၇၁၊ ၀၆၇-၃၄၁၂၅၅၃နှင့် စာပေဗိမာန်အရောင်းဆိုင် ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲ အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း(အောက်) ကျောက်တံတားမြို့နယ် ဖုန်း ၀၁-၈၃၈၄၈၀၃၊ ၀၁-၈၃၇၁၃၄၂နှင့် စာပေဗိမာန်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ **သတင်းစဉ်**

## ပေါင်မြို့နယ်၌ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**ပေါင် နိုဝင်ဘာ ၂၂**



မွန်ပြည်နယ် ပေါင်မြို့နယ် ပညာရေးမိသားစု(ဆဋ္ဌမ)အကြိမ်မြောက် ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်က မုကျိုကျေးရွာ မဟာဗောဓိစေတီတော်မြတ် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ပေါင်မြို့နယ် သံဃနာယက ဒုတိယဥက္ကဋ္ဌ မုတ္တမကျေးရွာ အောင်သိဒ္ဓိကျောင်း ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မုကျိုတိုက်ကျောင်း ဆရာတော်ထံမှ ဩဝါဒခံယူကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးဒေါ်စန်းစန်းအေးက ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်မြတ်ရွတ်ဖတ် ပူဇော်ပြိုင်ပွဲများ ပြုလုပ်ကျင်းပခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားတင်ပြပြီး ပြိုင်ပွဲကို စတင်သည်။ အဆိုပါပြိုင်ပွဲကို ပေါင်မြို့နယ်အတွင်းရှိ (အထက) နှင့် (အလက)ကျောင်းများ၌ ဓမ္မစကြာတစ်ဖွဲ့လျှင် ၂၂ ဦး၊ ပြိုင်ပွဲဝင် ၂၂ ဖွဲ့၊ ပဋ္ဌာန်းဒေသနာတော်တစ်ဖွဲ့ လျှင် ၂၃ ဦး၊ ပြိုင်ပွဲဝင် ၂၂ ဖွဲ့ တို့ဖြင့် နိုဝင်ဘာ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ကျင်းပမည် ဖြစ်သည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၅-၁၁-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅) အမှတ် (၄၇)တွင်** တိရစ္ဆာန်ပင်ဖြစ်လင့်ကစား မိမိ၏ သားသမီးများအပေါ် အန္တရာယ်မကျရောက်အောင် ကာကွယ်စောင့်ရှောက်ပေးလိုသည့် ကြက်မကြီးကို ဥပမာပြုကာ မိခင်မေတ္တာအကြောင်း ဖော်ညွှန်းထားသည့် "မိဘစိတ်" မျက်နှာဖုံးကာတွန်းဇာတ်လမ်း၊ မိမိထက်ဆင်းရဲနွမ်းပါးသူများအပေါ်တွင် ကိုယ်ချင်းစာစိတ်ဖြင့် ဆက်ဆံသင့်ကြောင်း မြို့စားမင်းက သူဌေးကြီး ဦးအဂ္ဂအား အသိပညာပေးလိုက်သည့်ပုံကို တင်ဆက်ထားသည့် "ကိုယ်ချင်းစာပါ" နှစ်မျက်နှာကာတွန်း၊ ရွှေသွေးဂျာနယ် အထူးထုတ် (၂၀၂၄) တွင် ထည့်သွင်းဖော်ပြမည့် ကလေးလက်ရာ ပန်းချီပြိုင်ပွဲဝင်များကို ဖိတ်ခေါ်သည့် "ရွှေသွေးတို့လက်ရာပန်းချီများ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပြိုင်ပွဲ" ကဏ္ဍ၊ သူငယ်ချင်းအချင်းချင်း စာကူးပေးသင့်ကြောင်း ဖိုးလပြည့်က တူးမာကို ပြောပြထားသည့် "ဖိုးလပြည့်" တစ်မျက်နှာကာတွန်း၊ လေးဖြိုး၏ ဉာဏ်စမ်းမေးခွန်းများကို ဆက်စပ်ပြီး ဖြေထားသည့် လင်းသစ်တို့အကြောင်း တင်ဆက်ထားသည့်"လင်းသစ်ပါဝင်သည့် ဉာဏ်စမ်းမေးခွန်းများ" နှစ်မျက်နှာကာတွန်း၊ ရိုးသားပြီး စိတ်ထားဖြူစင်သော အငှားကားမောင်းသည့် ကိုအောအကြောင်း တင်ဆက်ထားသည့် "ဖြူစင်သောအလှ" နှစ်မျက်နှာကာတွန်း၊ လူသုံးယောက်ကို ထီးတစ်ချောင်းသာဆောင်းသည့်တိုင် မိုးမစိုသည့်အကြောင်း သူငယ်ချင်းနှစ်ယောက် ဟာသဖြစ်ဖွယ် ပြောကြပုံကို တင်ဆက်ထားသည့် "ကြယ်စင်" မျက်နှာဝက်ကာတွန်း၊ တန်ဆောင်မုန်းလတွင် မသိုးသင်္ကန်းကပ်လှူပွဲနှင့် ဘုံကထိန်သင်္ကန်းကပ်လှူပွဲများ ကျင်းပပုံ၊ ဆီမီးများထွန်းကြပုံနှင့် ရာသီပန်းများ ပွင့်ကြပုံအကြောင်း ရေးဖွဲ့ထားသည့် "တန်ဆောင်တိုင်ပွဲတော်" ကဗျာကဏ္ဍ၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်

**စစ်ကိုင်း နိုဝင်ဘာ ၂၂**



စစ်ကိုင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအတွက် အခြေခံကွန်ပျူတာ သင်တန်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ကွန်ပျူတာခန်းမ၌ နိုဝင်ဘာ ၅ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ်သုံးပတ်ကြာ သင်ကြားပို့ချပေးလျက်ရှိသည်။

ဌာနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်နှင့် တစ်ပြေးညီ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်စေရေး၊ အသိပညာဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်သင်ကြားပို့ချပေးခြင်း ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါသင်တန်းကို ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအောက်ရှိ စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်များမှ အရာထမ်း/ အမှုထမ်းဝန်ထမ်း ၁၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ

**ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေဗဟုသုတများတိုးပွားပြီး ပြင်ပဗဟုသုတများ စုံလင်စွာရရှိစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့်သတ္တိများရှိလာစေရန်အတွက် လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများပူးပေါင်းပြီး မြို့နယ်အသီးသီး၌ ကျင်းပပေးလျက်ရှိသည်။**

**ဟိုပုံး**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ နိုဝင်ဘာ ၂၂ ရက်က ထီနဲ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ဖရားခုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့တွင် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲများ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းက ပလတ်စတစ်အန္တရာယ်၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်စေရေး၊ ဗဟုသုတတိုးပွားရေးအတွက် စာပေလေ့လာ ဖတ်ရှုကြရေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

**မုံရွာ**

မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး နိုဝင်ဘာ ၂၀ရက်က မုံရွာမြို့အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ လူငယ်စကားဝိုင်းနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပသည်။

ဦးစွာ မုံရွာခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက လူငယ်စကားဝိုင်းများ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး လူငယ်စကားဝိုင်းကို ကျင်းပရာ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း Grade-9 မှ ကျောင်းသား ကျောင်းသူများ ပါဝင်ဆွေးနွေးကြသည်။ အခမ်းအနားတွင် သုတ၊ ရသစာအုပ်များနှင့် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

**မက်မန်း**

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံ့သားကောင်း ရတနာများဖြစ်သည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာများအပြင် ပြင်ပစာပေများကို လေ့လာ၍ ဗဟုသုတရရှိလာစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုများအဖြစ် ပါဝင်လာနိုင်စေရန် ရည်ရွယ်ကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို မက်မန်းမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ရတနာခန်းမ၌ နိုဝင်ဘာ ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ဥမ္မာချို (လက်ထောက်ညွှန်ကြားရေးမှူး)က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

လူငယ်နှင့် စာဖတ်ရိုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းတွင် Grade-9၊ Grade-8 နှင့် Grade-7 တို့မှ ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့ ပါဝင်ဆွေးနွေးကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ဒီဇယ်ဓာတ်အားပေးစက်များ မောင်းနှင်ရန် လိုအပ်သော စက်သုံးဆီများ ဝယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂၃-၁၁-၂၀၂၃ ရက်မှ ၇-၁၂-၂၀၂၃ ရက် အထိ

၃။ တင်ဒါတင်သွင်းရမည့်ရက် - ၈-၁၂-၂၀၂၃ ရက်၊ ၉:၀၀ နာရီမှ ၁၆:၀၀ နာရီ

၄။ တင်ဒါတင်သွင်းရမည့်နေရာ - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်-

တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊
ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့
ဖုန်း- ၀၇၁-၂၂၈၁၇၊ ၀၉-၂၅၉၀၇၀၂၂၃

## အများသိစေရန် အသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးပိုင်အမှတ်(၅၂/ခ)၊ မြေရေိယာ ၀ ဒသမ ၀၃၇ ဧကရှိ ဘိုးဘပိုင်မြေကွက်သည် မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၏မှတ်ပုံတင်(၁-က)စာရင်းတွင် ဦးထွန်းအောင်အမည်ပေါက်ပါသည်။ ဦးထွန်းအောင်သည် ၁၀-၂-၂၀၂၀ ရက်တွင်လည်းကောင်း၊ ဇနီးဖြစ်သူဒေါ်ကျင်ရွှေသည် ၂၀-၈-၁၉၈၆ ရက်တွင်လည်းကောင်း ကွယ်လွန်သွားသဖြင့် ကျန်ရစ်သူ သား/သမီးဖြစ်သည့် ဦးကျော်မြင့်၊ ဒေါ်ဝင်းရီနှင့် ဦးထင်ကျော်တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်မှတ်ပုံတင်အမှတ်(၂၄၃/၂၀၂၃) အရ အမွေဆက်ခံပိုင်ဆိုင်လာပြီးနောက် ဦးကျော်မြင့်ထံသို့ ဒေါ်ဝင်းရီနှင့် ဦးထင်ကျော်တို့က ပိုင်ဆိုင်မှုအစု စွန့်လွှတ်ပေးခြင်း စာချုပ်မှတ်ပုံတင် အမှတ်(၃၁၄/၂၀၂၃) အရ စွန့်လွှတ်ပေးခဲ့သဖြင့် ဦးကျော်မြင့်က မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဘိုးဘပိုင်အမှုတွဲအမှတ်-၀၉၂/ဘိုးဘ/၂၀၂၃-၂၀၂၄ အရ ဦးထွန်းအောင်၏ အမည်မှ ဦးကျော်မြင့်၏အမည်သို့ အမည်ပြောင်းလဲခွင့်လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ(၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့် မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဝင်းအေး(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၀၂၄၃(၂၇-၁-၂၀၁၅)**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၄၂၅၃၆၃၈၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၁၀)လမ်းရှိ (၂၆.၅ပေ)-(၆၀)ပေအကျယ်အဝန်းရှိသော အမှတ်(၄၁၅/က)ခြံမြေကွက်နှင့် (၁၀ပေ)-(၆၀ပေ) အကျယ်အဝန်းရှိသော အမှတ်(၄၁၄/ခ)ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်ရှိ လူနေအဆောက်အအုံအပါအဝင် မြေပေါ်မြေအောက်သယံဇာတအားလုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်လင်းလင်းမြတ် ၁၂/ဥကမ(နိုင်)၂၄၇၃၇၄ မှ တစ်ဦးတည်း ပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဆန်းလင်းအောင် ၁၁/တကန(နိုင်) ၀၇၀၉၃၇ မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက သတ်မှတ်ထားသည့်ရက်တွင် အရောင်းအဝယ်အား ပြီးဆုံးသည့်တိုင်အောင် ဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)**
**အမှတ်-၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံ၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၄၁၂၅၆၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၀)လမ်း၊ အမှတ်(၄၄၀)၊ ပထမထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၇x ၅၄)ပေ၊ ကိုယ်ပိုင်မီတာ၊ ရေမော်တာ အပါအဝင်တိုက်ခန်းအား ဦးထက်အောင် ၁၂/အလန(နိုင်)၀၄၃၀၄၀ မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီးရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်းမရှိဘဲအရှုပ်အရှင်း ကင်းရှင်းကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရာ ဦးသက်ချိုဝင်း ၉/ခမစ(နိုင်)၀၁၇၅၃၁ နှင့် ဒေါ်မိမိချို ၉/မသန(နိုင်)၀၀၄၂၇၇တို့မှ ၂၁-၁၁-၂၀၂၃ ရက်တွင် တိုက်ခန်းအပြီးသတ် အရောင်းအဝယ်စာချုပ်ပြုလုပ်၍ ဝယ်ယူပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအား ဦးသက်ချိုဝင်း ၉/ခမစ (နိုင်)၀၁၇၅၃၁ နှင့် ဒေါ်မိမိချို ၉/မသန(နိုင်)၀၀၄၂၇၇ တို့မှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မာမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၂၀ )**
**အမှတ်- ၄၈ ၊ (၇လွှာ) ၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၇၉၈၄၂၅၇၄၅**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ရွှေပြည်သာယာအမှတ်(၁) သီလဝါကျေးရွာနေ (ဘ)ဦးတင်မိုးအောင်နှင့် (မိ)ဒေါ်ခင်မာသင်းတို့၏သားကြီး မောင်မိုးသက်အောင် ၁၂/ကတန(နိုင်)၁၃၁၉၉၄သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ (လုံး၀)လုံး၀ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ ဦးတင်မိုးအောင်**
**၁၂/ကတန(နိုင်)၀၆၆၉၆၈**
**ဒေါ်ခင်မာသင်း**
**၁၂/ကတန(နိုင်)၁၂၇၈၅၄**

## ပေါင်းသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Sigma Agrochemical Co. Ltd., Thailand မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပေါင်းသတ်ဆေးကို မူလဖြန့်ဖြူးသူ Taw Win Dar Co. Ltd. မှ Aung Linn Animal Health Ltd. သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်-

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိ ပစ္စည်း | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁ | Sapar Kaung Paung Thay | Bispyribac-sodium 20 % WP | Provisional | P2022-5572 |

သို့ဖြစ်ပါ၍ အဆိုပါပေါင်းသတ်ဆေး ဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Taw Win Dar Co. Ltd.**
**Ph-09-448027852**

## မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများ လွှဲပြောင်းဖြန့်ဖြူးခြင်း

Asiatic Agricultural Industries Pte Ltd (Singapore) မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးကို ပြည်တွင်းမူလဖြန့်ဖြူးသူ AKA YARZAR Co., Ltd မှ Farm Link Co., Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည် ဖြစ်ပါသည်။

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁ | Sure 75 WP | Tricyclazole 750 g/kg WP | Full | F2020-1553 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Asiatic Agricultural Industries Pte Ltd (Myanmar Branch), Room 209, Rangoun Business Center, West Shwe Gone Daing Road, Bahan Township, Yangon.**

**Phone: 095145328**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(၅)၊ သုမန(၄)လမ်း၊ မြေကွက်အမှတ် (၄၂၈/ခ)၊ (အလျား ၂၀ပေXအနံ၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုင်းလှမင်း ၁၃/လရန(နိုင်)၀၂၉၈၉၉ က မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာ ကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့်၊ ကျွန်ုပ်မိတ်ဆွေက အဆိုပါ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ်(B.A(ECO)H.G.P)**
**အထက်တန်းရှေ့နေ(စဉ်-၁၁၈၆၉)၊**
**အမှတ်-(၁၂၈/က)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ (၁၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၉၅၃၈၀၇၄၄၉**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ်(၂၈၀)၊ ပဥ္စမထပ်(ဘီ)ခြေရင်းခန်း၊ (အလျား ၁၂ ပေXအနံ ၅၀ ပေ)ရှိတိုက်ခန်းအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်နွယ်နွယ်အေး ၁၂/တမန(နိုင်)၀၄၆၇၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်ချို့တစ်ဝက်အား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းရောင်းဝယ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ခိုင်လုံသည့်အထောက်အထား (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဇော် (LL,B) (စဉ်-၁၂၀၈၈)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၈၁)၊ အောင်ဇေယျလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်**
**ဖုန်း-၀၉-၇၉၈၄၂၅၈၀၁**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်-(၁၁၂၈)၊ အကျယ်အဝန်းပေ(၄၀ X ၆၀)ရှိသည့် ဦးကျော်ဇေယျအမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အိမ်ခြံမြေအား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြား ချက်အရ-**
**ဒေါ်သီဂီအေး (စဉ် - ၁၄၈၁၉)**
**LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း - ၀၉-၄၂၀၀၆၉၁၅၂**

## ပျောက်ဆုံးကြောင်း

ဦးအောင်မြင့်ဦး ၏သား မောင်ကျော်ကျော် ၇/ပခန(နိုင်)၄၂၄၄၆၆၏ MF-697 488 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၇၂၄၁၁၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်လင်းထွန်း (ဘ)ဦးခင်မောင်အေး နိုင်ငံကူးလက်မှတ်(အမှတ်) (A 17721)မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

**မောင်ဇော်လင်းထွန်း**
**၁၄/ရကန(နိုင်)၁၂၇၀၆၇**
**ဖုန်း-၀၉-၆၉၄၂၃၉၈၈၁**

## passport ပျောက်ဆုံးကြောင်း

အေးထွန်းမင်း (ဘ)ဦးအောင်မြင့်ငွေ ၅/ယမပ(နိုင်)၀၈၉၉၃၈၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၂၄၉၄၇၅၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/6891 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/1215 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ် (၆/ ဈေးမြောက်ရပ်)၊ ဦးပိုင်အမှတ် ( ၆၉ )၊ မြေရေိယာ ၀ ဒသမ ၀၄၃ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးဇော်မင်းဦး ၉/မမန(နိုင်)၀၇၈၉၀၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းမြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ်(၅၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၄/ခ)၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးလှကြည်(AC-004987) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်အမည်ပေါက် ဦးလှကြည်(ဖခင်)နှင့် ဒေါ်ခင်တင့်(မိခင်)တို့ကွယ်လွန်သဖြင့် ဒေါ်ကြည်ဝင်း ၁၂/ဥကတ(နိုင်)၀၄၅၉၀၁၊ ဒေါ်တင်ဝင်း ၁၂/ဥကတ(နိုင်)၀၈၄၁၀၁တို့မှ သမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန် လွှာ(၂)စောင်၊ ဂရန်၊ နိုင်၊ ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ (ပိုင်ဆိုင်+စွန့်လွှတ်) မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ်(၉၆)၊ ဧရိယာ ၀ ဒသမ ၄၄၇ ဧကရှိ ဦးအောင်ထွန်း(ခ)မောင်ခွေး (ဘ)ဦးရွှေဒင်္ဂါး ၁၂/ပဘတ(နိုင်)၀၂၇၆၄၄ အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူမှ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ ယာယီရောင်းချခွင့်လက်မှတ် မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ထန်းတောရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(နန္ဒဝန်ကျွန်းဆွယ်)၊ ဦးပိုင်အမှတ်(၂၂ လမ်း၊ ၃၀-က)၊ ဧရိယာ ၀ ဒသမ ၀၃၇ ဧကရှိမြေအား ဦးစန်းမြင့်ထွေး အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ မြို့သစ်ရပ်ကွက်၊ မြို့သစ်(ဃ)(၁)လမ်း၊ အမှတ်(၇/၂၁)နေ ဦးကျော်ဇေယျ ၇/ပခန(နိုင်)၂၂၁၂၇၂ နှင့် ဒေါ်ကြူကြူသင်း ၇/ပခန(နိုင်)၁၀၂၂၁၄ တို့၏ အတူနေသမီးဖြစ်သူမစုမြတ်သင်း ၇/ပခန(နိုင်)၃၈၈၈၇၃ သည် မိဘများ ပြောဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှ ထွက်သွားပါသဖြင့် ၂၃-၁၁-၂၀၂၃ ရက်မှ စတင်၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်သည်။ နောက်နောင် မစုမြတ်သင်းနှင့် ပတ်သက်၍ လူမှုရေး၊ ငွေရေးကြေးရေး ကိစ္စရပ်များအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ထပ်ဆင့်ကြေညာအပ်ပါသည်။ **မိဘများ**

**ဦးကျော်ဇေယျ ၇/ပခန(နိုင်)၂၂၁၂၇၂၊**
**ဒေါ်ကြူကြူသင်း ၇/ပခန(နိုင်)၁၀၂၂၁၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(ဃ/နန္ဒဝန်-ကျူး)၊ ဦးပိုင်အမှတ်(အေးသိဒ္ဓိလမ်း ဃ-၆၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ် ၇၅ V ၁၉၉၉-၂၀၀၀ အရ (၁၈-၅-၁၉၉၉)မှ (၁၇-၅-၂၀၂၉)ထိ ဦးသန်းဝင်း အမည်ဖြင့် နှစ်(၃၀) မြေငှားစာချုပ်ရရှိထားသော မြေအား ဦးကောင်းမြတ်ဟိန်း အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(ဃ/နန္ဒဝန်-ကျူး)၊ ဦးပိုင်အမှတ်(အေးသိဒ္ဓိလမ်း ဃ-၆၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ် ၇၄ V ၁၉၉၉-၂၀၀၀အရ (၁၈-၅-၁၉၉၉)မှ (၁၇-၅-၂၀၂၉)ထိ ဦးကျော်ဆွေ အမည်ဖြင့် နှစ်(၃၀) မြေငှားစာချုပ်ရရှိထားသော မြေအား ဦးကောင်းမြတ်ဟိန်း အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

## မိဘအမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်သာယာ (အနောက်ပိုင်းမြို့နယ်)၊ အမှတ်(၁၁) ရပ်ကွက်၊ အထက-၁၉မှ မောင်မြတ်မင်းဇော်နှင့် မနှင်းနုဝေ တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၁၄/ညတန(နိုင်) ၂၂၁၀၁၇ နှင့် မိခင်အမည်မှန်မှာ ဒေါ်အေးသူဇာ ၁၂/လသယ(နိုင်) ၁၁၅၆၆၇ ဖြစ်ပါကြောင်း။

## ဖောင်းကြွပြောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 77W/89880, Follow me 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင် ၁၄/မမန(နိုင်)၃၂၃၆၅၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## မော်လမြိုင်မြို့နယ်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် - ၆၄ နှင့် ဆက်နွယ်သည့်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၂၅

ဦးတင်နိုင် **နှင့်** ဒေါ်စိုးစိုးခိုင်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်အိအိထွေး)
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ကျုံးဟောင်းလမ်း၊ အမှတ် (၂/က)နေ ဒေါ်စိုးစိုးခိုင် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် -၆၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အမိန့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောလင်းထက်ဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၄၅/မြမာလာရပ်၊ ဦးပိုင်အမှတ် (၁၆၄-က)၊ မြေဧရိယာ(၀.၅၁)ဧကရှိ မြေငှားဂရန် အမှုတွဲအမှတ် (၁၀၉/၂၀၁၇-၂၀၁၈)နှင့် ဂရန်စာချုပ်နံပါတ် (၀၀၇/၂၀၁၈-၂၀၁၉)အရ ဦးထွန်းထွန်း ၉/မမန(နိုင်) ၀၁၄၂၆၁ အမည်ဖြင့် မှတ်သားတည်ရှိခဲ့ပြီးနောက် ယခုအမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းထွန်းမှ မြေငှားဂရန် သက်တမ်းတိုးခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ် (၁၁/၂)၊ ဦးပိုင်အမှတ် (၃၃၀)၊ မြေဧရိယာ (၀.၀၅၅)ဧကရှိမြေကွက်သည် မူလက ဗိုလ်ကြီး သန်းထွန်း(ငြိမ်း) အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၅၅၅(၃) ၂၀၀၁-၂၀၀၂ အရ (၅-၇-၂၀၁၆)ရက်ထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဗိုလ်ကြီး သန်းထွန်း(ငြိမ်း) (၎င်းတို့၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ဇာခြည်သိမ့်)က ၆-၁၀-၂၀၂၃ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၇၀/၂၀၂၃)အရ ဦးမျိုးလွင် ၅/အရတ(နိုင်)၁၃၇၄၇၇ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးမျိုးလွင် အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဏ-၁၄)ရပ်ကွက်၊ မိုးကျော် (၅)လမ်း၊ မြေကွက်အမှတ် (၁၈၅၆/က)၊ မြေအကျယ်(၁၀x၆၀)ပေရှိ အိမ်ခြံမြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်သူ ဦးလှမင်းထက် (၁၂/လသယ(နိုင်)၀၄၈၀၀၁)ထံမှ တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူသူထံသို့ဖြစ်စေ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဇော် (LL.B, D.B.L, WIPO) (စဉ်-၁၂၇၇၃)** **ဒေါ်ရည်မွန်အောင် (LL.B, D.B.L, D.I.L, WIPO) (စဉ်-၁၃၈၃၉)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၆၈၈)၊ စိန်တစ်ပွင့်လမ်း၊ (ဒ-၆၃/၁၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၀၃၃၈၂၆၊ ၀၉-၄၅၀၀၃၄၃၆၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ ဒေါ်ကြီးကြီးဝင်း၊ ဒေါ်ဝင်းဖြူဖြူဖွေးတို့က စစ်တွေမြို့၊ မိဇ်ရပ်ကွက်၊ အကွက်အမှတ်(၃၆)၊ မိဇ်ရွာအကွက်၊ ဦးပိုင်အမှတ်(၁၅-င)၊ ဧရိယာ(၀ဒသမ၀၈၃)ကေအနက်မှ ဧရိယာ(၀ဒသမ၀၄၂)ကေရှိ ဘိုးဘပိုင် (B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မစောသိန်း၊ ဦးမောင်စံသိန်း၊ ဒေါ်မလှရွှေ၊ ဦးသန်းရွှေ၊ ဦးထွန်းအေး တို့မှပူးတွဲအမည်ပေါက်ပိုင်ဆိုင်သူ ဦးစံရွှေမောင်၊ ဒေါ်မအုန်းသာ၊ ဒေါ်စံရွှေမြ၊ ဦးစံရွှေကျော်၊ ဒေါ်နီနီတို့အား စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၅၅/၂၀၂၂ ဖြင့် အပြီးအပိုင်စွန့်လွှတ်ထားရှိပြီး ၎င်းတို့ထံမှ ဒေါ်ကြီးကြီးဝင်း၊ ဒေါ်ဝင်းဖြူဖြူဖွေး တို့က စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၄/၂၀၂၃ အရ အိမ်ရာမြေနှင့်နေအိမ်အဆောက်အအုံ အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ဒေါ်ကြီးကြီးဝင်း၊ ဒေါ်ဝင်းဖြူဖြူဖွေးတို့က ၎င်းတို့အမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊စစ်တွေမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၂၈)၊ ဦးပိုင်အမှတ်(၃၇/၂)၊ မြေဧရိယာ (၀ဒသမ၀၉၄)ကေ ရှိမြေကွက်သည် မူလက ဒေါ်လူစီယာ၊ ဒေါ်အယ်လ်ခေါ်နန်း (၂)ဦး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၅၃၈/V၂၀၁၅-၂၀၁၆ အရ (၁၇-၂-၂၀၄၆)ရက်ထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါ သည်။ ဂရန်အမည်ပေါက်သူ ဒေါ်လူစီယာ၊ ဒေါ်အယ်လ်ခေါ်နန်း(၎င်းတို့၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်ချိုချိုမိုင်)က (၁၈-၉-၂၀၂၃)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၃၂/၂၀၂၃)အရ ဒေါ်သန္တာမိုး ၁၃/မမတ(နိုင်) ၀၄၀၆၈၁ထံ သို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်သန္တာမိုး အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ ရက် ပြည့် မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ် ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
## ရုံးအမှတ်(၃၁)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် | အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၄၉)နေရာ | တက္ကသိုလ်ဝင်တန်းအောင်မြင်သူ (သို့မဟုတ်) ဓမ္မာစရိယ(၄)မျိုးအနက် တစ်မျိုးမျိုးရရှိပြီးသူ၊ ပထမကြီးအောင်၊ |
| (ခ) | စာရင်းကိုင်-၄ (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၃)နေရာ | တက္ကသိုလ်ဝင်တန်း အောင်မြင်သူ |
| (ဂ) | စာကြည့်တိုက်လက်ထောက်-၄ (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၃)နေရာ | တက္ကသိုလ်ဝင်တန်း အောင်မြင်သူ၊ ကွန်ပျူတာအခြေခံ တတ်မြောက်ပြီးသူ |
| (ဃ) | ပစ္စည်းထိန်း-၄ (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁)နေရာ | တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ကွန်ပျူတာအခြေခံ တတ်မြောက်သူ |
| (င) | ဒု-လ/ထကွန်ပျူတာ လုပ်ဆောင်ရေးမှူး (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁)နေရာ | အခြေခံပညာ အထက်တန်းအဆင့်ရှိသူ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ |
| (စ) | လျှပ်စစ်ကျွမ်းကျင်-၄ (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၂)နေရာ | အခြေခံပညာအလယ်တန်း အဆင့်ရှိသူ၊ |
| (ဆ) | စားဖိုမှူး-၄ (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၂)နေရာ | အခြေခံပညာအလယ်တန်း အဆင့်ရှိသူ |
| (ဇ) | စက်မောင်း-၄(ရေစက်) (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁)နေရာ | အခြေခံပညာအလယ်တန်း အဆင့်ရှိသူ |
| (ဈ) | လုံခြုံရေး-၅ (လစာနှုန်း ကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၃)နေရာ | အခြေခံပညာအလယ်တန်း အဆင့်ရှိသူ |
| (ည) | ရုံးအကူစာပို့ (လစာနှုန်း ကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၄)နေရာ | အခြေခံပညာအလယ်တန်း အဆင့်ရှိသူ |
| (ဋ) | လုပ်သား(ဆွမ်းပြင်) (လစာနှုန်း ကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၁)နေရာ | အခြေခံပညာမူလတန်းအဆင့် ရှိသူ |

၂။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အောက်ပါအချက်အလက်များ ပြည့်စုံစွာ ပူးတွဲပေးပို့ရမည် -

(က) ပညာအရည်အချင်းထောက်ခံချက်

(၁) အပိုဒ်(၁)၊ အပိုဒ်ခွဲ (က)မှ(ဃ)အထိ ဘွဲ့ရဖြစ်ပါက ဘွဲ့လက်မှတ် ထောက်ခံချက်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ပထမကြီးအောင်လက်မှတ်မိတ္တူ၊ (ရေးဖြေ ဖြေဆိုချိန်တွင် မူရင်း ယူဆောင်လာရန်၊ ဘွဲ့ရရှိသူများကို ဦးစားပေးရွေးချယ်မည်။)

(၂) အပိုဒ်(၁)၊ အပိုဒ်ခွဲ(င)အတွက် အခြေခံပညာအထက်တန်းအဆင့်ရှိ ထောက်ခံချက်မိတ္တူ၊ ကွန်ပျူတာသင်တန်းဆင်းလက်မှတ်မိတ္တူ (လူတွေ့ဖြေဆိုချိန်တွင် မူရင်းယူဆောင် လာရန်)

(၃) အပိုဒ်(၁)၊ အပိုဒ်ခွဲ (စ)မှ(ည)အထိ အခြေခံပညာအလယ်တန်း အဆင့်ရှိ ထောက်ခံချက်မိတ္တူ (လူတွေ့ ဖြေဆိုချိန်တွင် မူရင်း ယူဆောင်လာရန်)

(၄) ရရှိထားသည့် လုပ်ငန်းကျွမ်းကျင်လက်မှတ် (Certificate)များ ရှိလျှင် မိတ္တူ၊

(၅) အပိုဒ်(၁)၊ အပိုဒ်ခွဲ(ဋ)အတွက် အခြေခံပညာမူလတန်းအဆင့်ရှိ ထောက်ခံချက်မိတ္တူ (လူတွေ့ဖြေဆိုချိန်တွင် မူရင်းယူဆောင် လာရန်)

(ခ) ၁၅-၁၂-၂၀၂၃ ရက်နေ့မတိုင်မီ တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ရေးသားရန်)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(ရေးဖြေ ဖြေဆိုရာတွင် မူရင်း ယူဆောင်လာရန်)

(ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိသော အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ

(စ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန ခွင့်ပြုချက်မူရင်း (လျှောက်လွှာတင်ပြသည့်နေ့တွင် တစ်ပါတည်း တင်ပြရမည်။)

(ဆ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၁၅-၁၂-၂၀၂၃ ရက်နေ့မတိုင်မီ တစ်လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း ထောက်ခံချက် မူရင်းပါရှိရမည်။

(ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ၊

(ဈ) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမူရင်း၊

(ည) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ၁၅-၁၂-၂၀၂၃ ရက်နေ့မတိုင်မီ တစ်လအတွင်း ရယူထားသော ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဂ) ၁၅-၁၂-၂၀၂၃ ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊ (တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/ အခြေခံပညာထောက်ခံချက်များပါ မွေးနေ့သက္ကရာဇ် အတိုင်းသာ အတည်ပြုမည်။)

(ဃ) ဤဌာနတွင် ခန့်ထားခြင်းခံရပါက အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ပါကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေ ကျပ်(၁၅)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊

(င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ (အပိုဒ်(၁) အပိုဒ်ခွဲ (က) နှင့် (င)တို့အတွက် ရာထူးနေရာများသည် ဝေးလံခေါင်းပါး သည့် နယ်စပ်တောင်တန်းဒေသများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသဖြင့် အမျိုးသားများကို ဦးစားပေးရွေးချယ်မည်။)

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး) Website (www.mora.gov.mm) နှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန Website (www.dpps.gov.mm) တို့တွင် ရယူနိုင်ပြီး လျှောက်လွှာများကို ၁၅-၁၂-၂၀၂၃ ရက်နေ့ထိ ရုံးချိန်အတွင်း ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်သို့ နောက်ဆုံးထား လျှောက်ထားရမည်။

၅။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ် ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို လုံးဝထည့်သွင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ ရေးဖြေစစ်ဆေးခြင်းကို အောက်ဖော်ပြပါစာဖြေဌာနများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မိမိတို့ ဖြေဆိုမည့်စာဖြေဌာန ၁ခုကိုရွေးချယ်ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ စာဖြေဌာန၌သာ ဖြေဆိုခွင့် ပြုမည်ဖြစ်ပါသည်-

(က) နေပြည်တော်စာဖြေဌာန

(ခ) ရန်ကုန်စာဖြေဌာန

(ဂ) မန္တလေးစာဖြေဌာန

၇။ ရေးဖြေ/နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူများအား အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့်အချိန်/ နေ့ရက် များကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁) နေပြည်တော် (ကြော်ငြာသင်ပုန်း)တွင်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(သာသနာရေး) Website (www.mora.gov.mm)တွင်လည်းကောင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန Facebook Page နှင့် Website (www.dpps.gov.mm) တွင်လည်းကောင်း၊ သက်ဆိုင်ရာစာဖြေဌာနများတွင်လည်းကောင်း ကြေညာပေးသွားမည်ဖြစ်ပါသည်။

၈။ အပိုဒ်(၁)၊ အပိုဒ်ခွဲ(က)မှ (င)အထိရာထူး လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲ ဖြေဆိုရမည် ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ် (၃)ခုကို ဖြေဆိုရမည်-

(က) မြန်မာစာ

(ခ) အင်္ဂလိပ်စာ

(ဂ) အထွေထွေဗဟုသုတ

၉။ အသေးစိတ်သိရှိလိုပါက သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁) နေပြည်တော် ဖုန်း(၀၆၇-၃၄၀၆၂၆၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/89880, Follow me 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင် ၁၄/မမန(နိုင်) ၃၂၃၆၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၇၃၉၄ ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းမွန် ၁၀/မဒန(နိုင်)၂၆၂၀၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/2658 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဦး ၁၀/ကမရ(နိုင်)၀၃၆၀၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၇၀၀၃၄ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဇော် ၁၀/ကမရ(နိုင်)၀၆၂၈၂၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဝတ္ထကမြေပေါ်ရှိ ဝန်ဆောင်မှုလုပ်ငန်းများကို (၁-၁-၂၀၂၄) ရက်မှ (၃၁-၁၂-၂၀၂၄)ရက်အထိ ၁၂လတာကာလအတွက် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အငှားချထားမည်ဖြစ်ပါသည်။

| စဉ် | ဝန်ဆောင်မှုလုပ်ငန်း | တည်နေရာ |
|---|---|---|
| ၁။ | မြောက်ဘက်သန့်စင်ခန်း | မြောက်ဘက် |
| ၂။ | တောင်ဘက်သန့်စင်ခန်း | တောင်ဘက် |
| ၃။ | အရှေ့ဘက်သန့်စင်ခန်း | အရှေ့ဘက် |
| ၄။ | မြောက်ဘက်ပန်းအရောင်းဆိုင် | မြောက်ဘက်စောင်းတန်းရှေ့ |
| ၅။ | တောင်ဘက်ပန်းအရောင်းဆိုင် | တောင်ဘက်စောင်းတန်းရှေ့ |
| ၆။ | ငါးနှင့်လိပ်စာအရောင်းဆိုင် | မင်္ဂလာကန်တော် |
| ၇။ | မြန်မာ့လက်မှုအနုပညာပစ္စည်းဆိုင်(၁) | မြောက်ဘက်စောင်းတန်း |
| ၈။ | မြန်မာ့လက်မှုအနုပညာပစ္စည်းဆိုင်(၂) | မြောက်ဘက်စောင်းတန်း |
| ၉။ | မြန်မာ့လက်မှုအနုပညာပစ္စည်းဆိုင်(၁) | တောင်ဘက်စောင်းတန်း |
| ၁၀။ | မြန်မာ့လက်မှုအနုပညာပစ္စည်းဆိုင်(၂) | တောင်ဘက်စောင်းတန်း |
| ၁၁။ | ကန်တော့ပွဲရောင်းချခြင်းလုပ်ငန်း | သူတော်စင်စံနန်း |

တင်ဒါအဆိုပြုလွှာနှင့် တင်ဒါစည်းကမ်းများကို ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်း ၁-၁၂-၂၀၂၃ရက်မှစ၍ လာရောက်ဝယ်ယူဖြည့်စွက်လျှောက်ထားနိုင်ပါသည်။

တင်ဒါအဆိုပြုလွှာများကို ၁၁-၁၂-၂၀၂၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ပိတ်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းသူများရှေ့တွင် ဖွင့်ဖောက်ကြေညာပါမည်။

**မှတ်ချက်။** ကြမ်းခင်းဈေးမမီသော လျှောက်လွှာများကို စပေါ်ငွေ ပြန်ပေးမဟုတ်ပါ။

**တင်ဒါလုပ်ငန်းကြီးကြပ်မှုကော်မတီ၊ မင်းဓမ္မကုန်းတော်၊ ဂေါပကအဖွဲ့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၄၁၃.က/ အပိုင်း-၉၊ ဦးပိုင် အမှတ်(၃၈ ခဲစင်းအနောက်ခြမ်း+၄၈)/ ၃၉လမ်း၊ ၇၂လမ်းနှင့် ဗန်းမော်ကျောင်းတိုက်ကြားရှိ ခွဲကျန်ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြမြဝင်း ၉/မရတ(နိုင်)၁၀၂၅၄၈၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၇၉၁/၂၀၂၂)ဖြင့် လွှဲအပ်ခံရသူ ဦးညွန့်လှိုင် ၉/မရတ(နိုင်)၀၅၉၆၈၃ က ဦးပိုင်ခွဲမိန့်တင်ပြ၍ ဂရန်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ် ဃ-၅၊ ဦးပိုင်အမှတ်(၆၈)၊ ၆၄.Bလမ်း၊ ၁၁၂x၁၁၂ Aလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လုရီကျူး(ခ)ကြူကြူဝင်း၏ (SPရသူ ဦးဝေယံကျော်ဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၃၂၄၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းခမ်းခေါင် ၁၃/မဆတ(နိုင်)၀၀၇၆၈၇က အမှုတွဲအမှတ် ၅၆၅၈/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ် ၇၂၅၊ ဦးပိုင်အမှတ်(၁၃-ဇ)/ ၂၆x၂၇လမ်းကြား၊ ၇၄x၇၅လမ်းကြားရှိ ဒေါ်စိန်ကြည်အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၀၅၆/၂၀၂၃) ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်ရီရီမြင့် ၁/မကန(နိုင်)၀၁၇၉၇၃၊ ဦးမြင့်သန်း ၉/မရမ(နိုင်)၀၁၈၅၂၈၊ ဒေါ်ခင်စန်းရီ ၉/မရမ(နိုင်)၀၁၂၁၁၉ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၃၅၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နွယ်နီဝင်းမြင့် ၉/ခအဇ(နိုင်)၀၀၇၀၆၇က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၂၁၊ ဦးပိုင်အမှတ်(၄၂-က)၊ ၅၇(B)လမ်း၊ ၁၂၀x၁၂၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင်းဝင်းခိုင်၏ (SPရသူ ဦးခင်မောင်ဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၃၄၀၆/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ရှိန် ၁/မကန(ဧည့်)၀၀၂၀၄၄က အမှုတွဲအမှတ် ၅၆၇၀/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၆၊ ဦးပိုင်အမှတ်၅၀(ခဲစင်း)၊ ၆၆.စီလမ်း၊ ၁၁၆x၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုတပ်ကြပ်ရဲမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၃၁၁၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းဖောင်အွန် ၁၃/မဆတ(နိုင်)၀၃၂၈၇၀က အမှုတွဲအမှတ် ၅၆၇၂/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မန်းရွှေစက်တော်ရာဘုရားကြီး အောက်စက်တော်ရာ ဘုံ(၇)ဆင့်အား ပြုပြင်မည်ဖြစ်ပါသဖြင့် "ရွှေချတ်လုပ်ငန်းဆောင်ရွက်လိုသူများ" အဆိုပြုလွှာဖိတ်ခေါ်ခြင်း

မန်းရွှေစက်တော်ရာဘုရားကြီးရှိ အောက်စက်တော်ရာဘုံ(၇)ဆင့်အား ပြုပြင်ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။ ဘုံ(၇)ဆင့်ရှိ ရွှေသင်္ကန်းတော်များကို ရွှေချတ်လုပ်ငန်း ဆောင်ရွက်လိုသူလုပ်ငန်းရှင်များသည် လုပ်ငန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ငွေကျပ်(၁၀၀၀၀/)ကျပ်တစ်သောင်းတိတိဖြင့် ဝယ်ယူပြီး ၂၄-၁၁-၂၀၂၃ ရက်မှ ၈-၁၂-၂၀၂၃ ရက် ရုံးချိန်(၁၆:၀၀)နာရီတွင် နောက်ဆုံးထား၍ အဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၂၅၇၀၁၁၅၆၆/၀၉-၅၃၃၇၄၉၉ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**မန်းရွှေစက်တော်ရာဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**မင်းဘူးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တံခါးမြို့နယ်၊ ကညင်ကျိုးကျေးရွာနေ မဆုမွန်ခိုင် ၇/ကတခ(နိုင်)၂၁၈၂၆၈၏ ဖခင် ဦးတင်ခိုင်နှင့် ဦးမောင်ခိုင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးတင်ခိုင်(ခ)ဦးမောင်ခိုင်**

## ပတ်စ်ပို့ပျောက်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒါ ရပ်ကွက်နေ ဦးကျော်မင်းထွန်း၏သား မောင်ချစ်ရအောင် ၁၀/ပမန(နိုင်) ၂၈၆၀၆၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MD-85741) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၄၉၁၆၁၃**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက(ခွဲ) ကျိုက်မရော Grade-11 မှ မနန္ဒာချစ်နှင့် Grade-8 မှ မောင်ကျော်လင်းဦးတို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ၁၀/ကမရ(နိုင်)၀၃၅၁၀၆ ဖြစ်ပါကြောင်း။

**ဦးတင်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/67471 Lifan 110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဖြိုး ၁၄/မအပ(နိုင်) ၂၅၉၀၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မြောက်ပိုင်းအိမ်ရာ စီမံကိန်း၊ မြေတိုင်းရပ်ကွက် အမှတ် B-6၊ မြေကွက်အမှတ်(၇)၊ နှစ်(၃၀) မြေငှားစာချုပ်၊ အမည်ပေါက် (၁)ဒေါ်လင်းလင်းခိုင် ၁၀/ရမန(နိုင်) ၀၉၄၄၀၇၊ (၂) ဦးဝေယျာကြည်ခန့် ၁၀/ရမန(နိုင်)၀၉၄၄၀၈၊ (၃) ဒေါ်ဖွေးနန္ဒာမြင့်သိန်း ၉/အမဇ(နိုင်)၀၁၅၁၈၁ ဖြစ်ပါသည်။ အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ၂၈၅၉/ ၂၀၂၃ ရရှိသူ ဦးနန္ဒငြိမ်းဟန် ၅/ကသန(နိုင်) ၀၆၇၉၆၀ မှ မန္တလေးတိုင်းဒေသကြီး၊ တရားလွှတ်တော်ကျမ်းကျိန်အမှတ် (၄၈၂/၂၀၂၃)၊ ရက်စွဲပါ ၁၆-၁၁-၂၀၂၃ အား တင်ပြ၍ ဤဌာနသို့ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ဤဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ပြင်ဦးလွင်ခရိုင်**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မြောက်ပိုင်းအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက် အမှတ် B-6၊ မြေကွက်အမှတ်(B-6/၁၀)၊ ဧရိယာ ၀ ဒသမ ၂၂၀၄ ဧက၊ နှစ်(၃၀) မြေငှားစာချုပ် အမည်ပေါက် ဦးဇော်ထွဏ်း ၁၃/ နခန(နိုင်) ၀၆၁၀၂၆ ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ၅၈၆/၂၀၂၃၊ ရက်စွဲ ၉-၁၀-၂၀၂၃ရက်အား တင်ပြ၍ ဒေါ်စိုးစိုးရီ ၉/မကန(နိုင်)၀၆၃၉၂၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ဤဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်း ရပ်ကွက် အမှတ် ၃၂၊ ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၁၅၄)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ တပ်ကြပ်ကျော်မြင့် အမည်ပေါက် မြေကွက်အား ဦးခင်မောင်သန်း ၉/ပမန(နိုင်)၁၀၃၂၂၅ မှ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဘက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၅၉)၊ မြေကွက်အမှတ်(၃၆၉) အမည်ပေါက် ဦးသန်းလှိုင်သစ်-မြန်မာ့အသံ (မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း)(ကွယ်လွန်)၊ ၁၂/ကမရ(နိုင်)၀၀၉၄၂၀ ၏ သမီးဖြစ်သူ ဒေါ်ဝါဝါစုလှိုင် ၁၂/ကမရ(နိုင်)၀၀၉၄၅၃ မှ ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**မြေယာဌာနခွဲ ( နေပြည်တော် )**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံး ဥပဒေအမိန့် - ၅ ၊ နည်းဥပဒေပုဒ်မ -၂၀(၁)
### မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၁

မစိုးသိင်္ဂီအေး (တရားလို) နှင့် ကိုစည်သူကျော် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ မေခါဝီလမ်းမ ကြီး၊ ၈ျ - ၄၀၄ နေ တရားပြိုင်ကိုစည်သူကျော် သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်(၁၃၈၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူတရားပြိုင်မှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၁၁၀ကေရှိ မြေကွက်အမှတ် (ပ-၂၂၉၅၄)ကို အမည်ပေါက် ဒေါ်သင်းစံပယ်ကျော် (ဘ) ဦးကျော်ဇေယျရှိန် ၉/မမန(နိုင်)၀၇၆၇၆၁ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်အေးချမ်းဇော် (ဘ) ဦးခင်ဇော် ၅/ကလထ(နိုင်)၂၉၉၁၈၂မှ ဒေါ်တင်မြတ်မြတ်ဝင်း (ဘ) ဦးမြဝင်း ၁၄/ဟသတ(နိုင်)၁၉၅၇၉၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၆၃/၂၀၂၂(၂၇-၆-၂၀၂၂)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၁၁၀ကေရှိ မြေကွက်အမှတ် (ပ-၂၂၉၁၅)ကို အမည်ပေါက် ဒေါ်ဝင်းဝင်းချစ် (ဘ) ဦးဘချစ် ၁၂/ရကန(နိုင်)၀၁၅၅၄၅၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်အေးငြိမ်းမိုး (ဘ) ဦးကျော်အေး ၇/ဒဥန(နိုင်)၁၂၆၈၅၂ မှ ဒေါ်တင်မြတ်မြတ်ဝင်း (ဘ) ဦးမြဝင်း ၁၄/ဟသတ(နိုင်)၁၉၅၇၉၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခ ပြေစာ၊ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၉၈၆/၂၀၂၃(၂၈-၈-၂၀၂၃)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/1508 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/2433 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/97417 Canda-125 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးမောင် ၉/လဝန(နိုင်) ၂၆၀၂၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မြောက်ပိုင်းအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက် အမှတ် B-6၊ မြေကွက်အမှတ် (B-6/၉)၊ ဧရိယာ ၀ ဒသမ ၂၂၀၄ ဧက၊ နှစ်(၃၀) မြေငှားစာချုပ် အမည်ပေါက် ဦးဝမ်ယုံရှုန် ၁၃/လရန(နိုင်) ၀၆၃၀၉၁ ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ၅၈၇/၂၀၂၃၊ ရက်စွဲ ၉-၁၀-၂၀၂၃ ရက်အားတင်ပြ၍ ဒေါ်စိုးစိုးရီ ၉/မကန(နိုင်)၀၆၃၉၂၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ဤဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ပြင်ဦးလွင်ခရိုင်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ ကွင်း/အကွက်အမှတ် (၈/စည်းခုံရပ်)၊ ဦးပိုင်အမှတ် (၁၀)၊ မြေကွက်အမှတ် (208) ၊ မြေရေိယာ ၀ ဒသမ ၀၆၆ ကေရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးယောဟန် ၉/မမန(နိုင်)၀၁၅၃၁၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု၊ အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉)၊ ကွင်း/အကွက်အမှတ် (၁၄ /ခ၊ နန္ဒဝန်) ၊ ဦးပိုင်အမှတ် (၂၃/င- ၇) ၊ မြေရေိယာ ၀ ဒသမ ၀၅၀၆ ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ရွှေစင် ၉/မရတ (နိုင်)၁၀၄၄၉၉ မှ လည်းကောင်း၊ ဦးပိုင်အမှတ် (၂၃/င-၆)၊ မြေရေိယာ ၀ ဒသမ ၀၆၁၂ ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကျော်ဝင်း ၁၂/တမန(နိုင်)၀၅၆၈၄၄ နှင့် ဒေါ်အေးအေးနှင်းလှိုင် ၁၂/တမန(နိုင်)၀၃၁၇၅၃ တို့မှလည်းကောင်း၊ ဦးပိုင်အမှတ် (၂၃/င- ၄)၊ မြေရေိယာ ၀ ဒသမ ၀၇၆၂ ကေရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်စဝ်ပြည့်စုံဖြိုး ၁၃/လရန(နိုင်) ၁၃၁၆၁၇ မှလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉)၊ ကွင်း/အကွက်အမှတ် (၁၄/ခ၊ နန္ဒဝန်)၊ ဦးပိုင်အမှတ် (၂၅ / ဃ - ၁ ) ၊ မြေရေိယာ ၀ ဒသမ ၀၄၈ ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဖြူမာကျော် ၁၂/သဃက(နိုင်)၀၃၀၅၉၇ မှလည်းကောင်း၊ ဦးပိုင်အမှတ် (၂၅/ဃ-၅)၊ မြေရေိယာ ၀ ဒသမ ၁၁၀ ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကြည်လွင် ၉/မနမ(နိုင်)၀၉၈၉၅၁ နှင့် ဒေါ်ခိုင်သက်အောင် (ခ) ဒေါ်ကြည်ကြည်အောင် ၁၃/ကမန(နိုင်)၀၀၉၂၁၆ တို့မှ လည်းကောင်း၊ ဦးပိုင်အမှတ် (၂၅/ဃ- ၆ )၊ မြေရေိယာ ၀ ဒသမ ၁၀၈ ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးစိုးလင်း ၉/မရမ(နိုင်)၀၁၃၃၈၀ နှင့် ဒေါ်အေးအေးကြိုင် ၉/မရမ(နိုင်)၀၅၈၄၂၈ တို့မှလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာ၊ ကွင်းအမှတ် (၆၇၅)၊ ဦးပိုင်အမှတ်(၉၉/၂)၊ မြေရေိယာ ၀ ဒသမ ၁၃ ဧကအနက်မှခွဲစိတ်၍ မြေအကျယ်အဝန်း (၂၄x၅၀)ပေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC နှစ်ထပ် အဆောက်အအုံအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား အမှတ်(၄၄၄)၊ ရွှေသူငွေးလမ်း၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်အေးမူသိန်း ၇/သနပ(နိုင်)၀၆၆၂၀၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုနွယ်ဦး ၇/တငန(နိုင်)၀၅၁၅၁၆ မှ ၁၇-၁၁-၂၀၂၃ ရက်စွဲပါ "နှစ်ဦးသဘောတူ မြေနှင့်နေအိမ် စရန်ပေး အရောင်းအဝယ်ပဋိညာဉ်စာချုပ်" ချုပ်ဆို၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် (၁၄)ရက်ထက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးသတ်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းယုမွန် (စဉ်-၁၇၃၂၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၉/စ)၊ ဟော်ကုန်းရပ်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၆၅၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## ဘားအံခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၇

ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(ဘားအံ) (၎င်း၏ကိုယ်စားဘဏ်ခွဲတာဝန်ခံဦးအောင်သိုက်ထွန်း) **(တရားလို)** **နှင့်** ၁။ ဦးသက်ဝေယံ ၂။ ဦးသက်ဝေဖြိုး **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိနန္ဒာ(၂၈)လမ်း၊ အိမ်အမှတ်(၂၈၉)နေ ဦးသက်ဝေယံနှင့် ဦးသက်ဝေဖြိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် (ဘားအံ) (၎င်း၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ ဦးအောင်သိုက်ထွန်း) က ဘဏ်တင်ဒါချေးငွေအရင်း၊ အတိုးနှင့် ဒဏ်ကြေးငွေ စုစုပေါင်းကျပ်သိန်း (၁၀၁,၉၉၉,၆၉၀ ကျပ် ၆၅ ပြား) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းတို့ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ရက်(၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်သူ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဘားအံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ သာခုအိမ်ရာ၊ တိုက်အမှတ်(၅)၊ ပထမထပ်၊ အခန်းအမှတ်(၁၀၂)ရှိ တိုက်ခန်း အမည်ပေါက်ပိုင်ရှင် ဒေါ်သီတာခင်လေး ၉/ကပတ(နိုင်)၀၀၁၇၃၀ မှ မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာဒေါ်ချိုချိုခင်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းနိုင် (LLB)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၄၄၂)**
**ဖုန်း-၀၉-၂၅၈၉၁၃၇၆၈၊ ၀၉-၉၅၅၇၂၀၆၆၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉)၊ ကွင်း/အကွက်အမှတ် (၁၄/ခ၊ နန္ဒဝန်)၊ ဦးပိုင်အမှတ် (၂၂/က-၅) ၊ မြေရေိယာ ၀ ဒသမ ၀၃၂၇ ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်စန္ဒီလှိုင် ၁၂/စခန(နိုင်)၀၆၄၆၆၁ မှ လည်းကောင်း၊ ဦးပိုင်အမှတ် (၂၂/က-၇)၊ မြေရေိယာ ၀ ဒသမ ၀၅၉၅ ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်နှင်းဝေ ၉/မထလ(နိုင်)၂၁၄၂၃၈ မှလည်းကောင်း၊ ဦးပိုင်အမှတ် (၂၂/က-၃)၊ မြေရေိယာ ၀ ဒသမ ၀၃၀၆ ကေရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်လေးသူ ၃/ကကရ(နိုင်)၀၀၁၃၅၆ မှလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/မြောက်)၊ ရတနာပုံ(၅)လမ်း၊ မြေကွက်အမှတ် (၄၄၀/က)၊ (၂၀x၆၀)ပေ၊ ၀ ဒသမ ၀၂၇ ဧက၊ (၁၂၀၀)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား နှစ်(၆၀)မြေငှားဂရန်မူလ အမည်ပေါက် ဦးအီစွတ် ၁၂/သကတ(နိုင်) ၂၃၇၀၃၅ မှ ၎င်းအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/မြောက်)၊ ရတနာပုံ(၅)လမ်း၊ မြေကွက်အမှတ်(၄၄၁/ခ)၊ (၂၀x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း (အမှတ်-၄၄၀/က နှင့်ကပ်လျက်ခြမ်း)ဖြစ်သည့် အမှတ်(၄၄၁/ခ-၁)(၁၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား နှစ်(၆၀)မြေငှား ဂရန်မူလအမည်ပေါက် ဦးတင်သိန်း ၁၂/သကတ(နိုင်) ၀၇၀၅၂၄ မှ ၎င်းအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မိတ္တူဖြင့်လည်းကောင်း ၎င်းတို့လက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်များချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးကျော်ကျော်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းထူး LL.B** | **ဦးဇော်မိုးလွင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)** |

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ်(၆၇)၊ ဧရိယာ ၀ ဒသမ ၄၄၇ကေရှိ ဦးစက်မောင်အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစက်မောင် (ဘ) ဦးစံရ ၅/ရဥန(နိုင်)၀၀၇၉၆၉မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၁၀၀/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးကျော်ဝင်းအောင် (ဘ) ဦးထွန်းဝင်း ၁၃/လရန(နိုင်) ၁၀၀၁၃၉၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၄၅၉ကေရှိ မြေကွက် အမှတ် (ps-၀၀၉)ကို အမည်ပေါက် ဦးတင်မြင့် (ဘ) ဦးဟုတ်ရောင် ၁၂/လမတ(နိုင်)၀၁၂၂၆၀ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးကျော်ခိုင်သောင်း (ဘ) ဦးတင်သောင်း ၉/ခမစ(နိုင်)၀၁၇၀၂၉မှ ဒေါ်ခင်နှင်းနှင်းသက် (ဘ) ဦးစောမေရှု ၉/အမဇ(နိုင်)၀၂၇၇၁၄ နှင့် မှတ်ပုံတင်အရောင်းအဝယ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခ ပြေစာ၊ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၂၀/၂၀၂၃(၁၃-၂-၂၀၂၃) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ် နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(A-၁၀၀)၊ ဧရိယာ ၀ ဒသမ ၂၂၉ ကေရှိ ဒေါက်တာကောင်းမြတ်ရွှေ(ဘ)ဦးလှရွှေ ၁၂/မဂဒ(နိုင်)၀၉၃၅၃၇ အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူမှ မြေပေးမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက် မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၂/ပေါင်းလောင်း-၂)၊ မြေကွက်အမှတ်(၆၉၄)ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၀၅၄ ကေရှိမြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဦးသာစိန်(ဘ)ဦးရွှေကြည် ၉/မရတ(နိုင်)၀၀၄၉၂၀ အမည်ဖြင့်ချထားပေးသော နှစ်(၃၀)မြေငှားဂရန် မြေကွက်အား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခိုင်ခိုင်ဝေဇင် ၅/ကဘလ(နိုင်)၁၂၇၈၃၈ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့် ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်မင်းထိုက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၂၁/၂၀၁၆)**
**ပုရွက်ဆိတ်ကုန်းရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်**
**ဖုန်း - ၀၉ ၄၃၀၄၅၉၁၁**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်းကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်၊ ခမောက်စုရွာတွင်နေထိုင်ကြသော (ဘ) ဦးအောင်သူရရွှေ၏သား မောင်ပြည့်စုံအောင်မြင်ရွှေ ၁၄/လမန(နိုင်)၀၉၃၃၃၃ နှင့် (ဘ)ဦးဆန်းမြင့်၏သမီး မမေမြတ်နိုးခင် ၁၄/လမန(နိုင်)၀၉၀၃၇၇ တို့သည် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲခြင်းကို အသိသက်သေနှင့် နှစ်ဖက်မိဘများရှေ့မှောက်တွင် သဘောတူညီကြပြီး နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို နှစ်ဖက်မိဘ အသိသက်သေများပါ ပါဝင်လက်မှတ်ရေးထိုးလျက် လင်မယားကွာရှင်း ပြတ်စဲပြီးစီးပါကြောင်း အများသိရှိစေရန် ကြော်ငြာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်ဝင်း ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၄၅ )**
**ဦးရွှေဒွေးလမ်း၊ ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့**

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယိကာမကြီး
## ပါမောက္ခ ဒေါက်တာ ရီရီသန်း
ဌာနမှူး(ငြိမ်း)၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
အသက်(၆၉)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ခတ္တာ(၁၁)လမ်း၊ အိမ်အမှတ်(၃၂၄၅)နေ ဒေါက်တာ ထွန်းနိုင်ဦး၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန၏ဇနီးဖြစ်သူ ပါမောက္ခ ဒေါက်တာ ရီရီသန်း အသက်(၆၉)နှစ်သည် (၂၂-၁၁-၂၀၂၃) ရက် နံနက်(၀၈:၁၂) နာရီအချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယိကာမကြီး
## ပါမောက္ခ ဒေါက်တာ ရီရီသန်း
ဌာနမှူး(ငြိမ်း)၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
အသက်(၆၉)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ခတ္တာ(၁၁)လမ်း၊ အိမ်အမှတ်(၃၂၄၅)နေ ကျန်းမာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာထွန်းနိုင်ဦး၏ဇနီး ပါမောက္ခဒေါက်တာရီရီသန်း အသက်(၆၉)နှစ်သည် (၂၂-၁၁-၂၀၂၃)ရက်နေ့ နံနက်(၀၈:၁၂) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ**
**ကုသရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီရီသန်း
### အသက်(၆၉)နှစ်

သူငယ်ချင်း ဦးကျော်သူနိုင်(ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ မိခင်ကြီး ဒေါ်ရီရီသန်း အသက်(၆၉)နှစ် ပါမောက္ခ (ငြိမ်း)၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်သည် ၂၂-၁၁-၂၀၂၃ ရက် နံနက်ပိုင်းတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**2010 Batch၊ နိုင်ငံခြားရေးဝန်ကြီးဌာန သူငယ်ချင်းများ**

---

### ဝမ်းနည်းကြေကွဲခြင်း
## မနှင်းဒါလီသန့်ဇင်
**(Oreedoo Chane Management & Commercial Support Senior Enginner)**
### အသက် (၃၁)နှစ်

[ဦးသန့်ဇင် (ရှေ့နေ)]-ဒေါ်သီတာဦး (ဒု-ကျောင်းအုပ်ဆရာမကြီး) ALPHA Private High School တို့၏ ချစ်လှစွာသော သမီးအငယ်ဆုံးဖြစ်သူသည် ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၂၀ရက်နေ့တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်းကြား သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကောင်းမွန်သော ဘုံဘဝတွင် အေးချမ်းစွာရှိပါစေ.....**
**WISDOM HILL Private High School မိသားစု**
**ALPHA Private High School မိသားစု**

---

## စာရေးဆရာမကြီး ဒေါ်မာလာသိန်း
### (မန်း -GTI)
### အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဦးရေခဲလမ်း၊ ဦးရေခဲကွန်ဒို ၊ အခန်း(၁/စီ)နေ ဦးစိန်မျိုးအောင် (ဒု-ညွှန်မှူး-ငြိမ်း)၏ ဇနီး ဒေါ်မာလာသိန်း သည် ၂၂-၁၁-၂၀၂၃ရက် နံနက် ၅:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းမှုဖြစ်ရပါသည်။

**အမှုဆောင်အဖွဲ့**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ထမ်းဟောင်းများအသင်း**

---

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ကွင်းအမှတ်(၃/ချောင်းရိုးရပ်)၊ ဦးပိုင်အမှတ်(၁-ခ)၊ မြေဧရိယာ(၀ဒသမ၅၃၄)ကေအနက်မှ ဧရိယာ(၀ဒသမ၁၄၆)ကေရှိ မြေနေရာအား မြေငှားဂရန် ဦးပိုင်ခွဲအမည်ပြောင်းလျှောက်ထားနိုင်ရေး ဦးဇာနည်ထွန်း ၉/ပဥလ(နိုင်) ၀၀၄၈၉၂မှ အမည်ပြောင်းမြေငှားဂရန်အသစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်းရပ်ကွက်၊ ဂန္ဓမာလမ်း၊ မြေကွက်အမှတ် (၄၄၆)ဟုခေါ်တွင်သော မြေကွက်အနက်မှ အလျား(၆၀)ပေxအနံ(၂၆)ပေရှိ ခြံမြေနှင့်ယင်းခြံမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထား ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု တာဝန်ခံသူ(၁) ဦးကျော်မြင့်(၁၁/ပတန(နိုင်)၀၅၅၅၇၄)၊ (၂) ဒေါ်သန်းတင်ဝင်း(၁၁/ပတန(နိုင်)၀၆၃၇၇၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေးဝင်း(၉/နထက(နိုင်)၁၄၈၄၀၈)က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက် အထားစာရွက်စာတမ်းမူရင်းများဖြင့်ဤကြေညာပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အပြီးအပိုင်အရောင်း အဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးပြည့်ဖြိုးမောင်၊ အထက်တန်းရှေ့နေ(စဉ်-၄၅၃၈၃)**
**မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၂၅၉၂၃၄၄၆၁**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ် သိန်းငွေ(ငြိမ်း) ရေ/၃၁၇၆
### ဘီလူးကျွန်း၊ မရမ်းရွာ
### မော်လမြိုင်အသင်း(ရန်ကုန်)၏နာယကကြီး
### အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏနေ ဒေါ်ခင်ရွှေ၏ခင်ပွန်း၊ ဦးမြတ်စိုးဝင်း-ဒေါ်ရွှေယင်းမာ၊ (ဦးချစ်ဦး)-ဒေါ်သင်းမာလာ တို့၏ ဖခင်သည် ၂၁-၁၁-၂၀၂၃ရက် ညနေ ၅:၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကကြီးများ၊ အလုပ်အမှုဆောင်များ**
**အသင်းသူ/သားများ**
**မော်လမြိုင်အသင်း(ရန်ကုန်)**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး
## ဦးတင်မောင်ဝင်း
### (M.O.G.E-ငြိမ်း)
### အသက်(၈၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ကျွဲဘိရွာနေ (ဦးထွန်းအုံ-ဒေါ်အေးကြည်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်နေ (ဦးအုန်းငွေ-ဒေါ်သိန်းလှ)တို့၏သားသမက်၊ အမှတ် ၆၁၇/ဘီ၊ မာလာလမ်းသွယ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ (ဒေါ်ဖွားသန်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစည်သူ-ဒေါ်ခိုင်ခိုင်တင်၊ ဒေါ်သူဇာတင်၊ (ဦးစိုးမင်းသူ)-ဒေါ်နီလာတင်မောင်ဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မထက်ထက်ဦး၊ မယမင်းအေး၊ မောင်ထက်ရဲဝင်း-မစံထိပ်ထားလင်း၊ မထက်နန္ဒာအောင်၊ မဆုရတီစိုး၊ မောင်အောင်ကောင်းဆက်တို့၏ ချစ်လှစွာသော အဘိုးသည် ၂၁-၁၁-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၃:၅၆နာရီတွင် Grand Hantha International Hospital ၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၂၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယိကာမကြီး
## ပါမောက္ခဒေါက်တာရီရီသန်း
### ဌာနမှူး(ငြိမ်း)၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
### အသက် (၆၉)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ခတ္တာ(၁၁)လမ်း၊ အိမ်အမှတ်(၃၂၄၅)နေ (ဒုတိယဗိုလ်မှူးကြီး ဘရီ(ငြိမ်း) - ဒေါ်မေမေသန်း)တို့၏ သမီး၊ ဒေါက်တာထွန်းနိုင်ဦး၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန၏ဇနီး၊ ဒေါက်တာ ဖြူစင်ဦး၊ Senior Lecturer, IMU, မလေးရှားနိုင်ငံ၊ ဦးသန့်စင်ဦး၊ ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန- ဒေါ်အေးမြင့်မြတ်ဖြူ၊ ဦးကျော်သူနိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန တို့၏ မွေးသမိခင်၊ မောင်ခန့်ပိုင်၊ မချောစု ရွှေရည်တို့၏အဘွား ပါမောက္ခဒေါက်တာရီရီသန်း အသက် (၆၉)နှစ်သည် (၂၂-၁၁-၂၀၂၃)ရက် နံနက်(၀၈:၁၂)နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၂၃-၁၁-၂၀၂၃)ရက်၊ (ကြာသပတေးနေ့)၊ နံနက် (၁၀:၀၀)နာရီတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ကုတင်-၁၀၀၀)မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/2788 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အောင်သပြေအရှေ့ (၈) လမ်း၊ ၇/အရှေ့ရပ်ကွက်၊ အမှတ် ၇၈၈၊ (အလျား ၁၉ပေ x အနံ ၅၄ ပေ)၊ မြေညီထပ်(ဘီ)ရှိ တိုက်ခန်းအား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ချစ်နှင်းပွင့် ၁၂/ဗဟန(နိုင်) ၀၉၆၄၇၈မှ အထက်ပါတိုက်ခန်းနှင့် ပတ်သက်၍ မိမိတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် အဆိုပါတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူ ပိုးဇာခြည်ခင် ၁၂/စခန(နိုင်) ၀၆၈၅၄၂မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ် ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စများအား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အိ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၁၇၉)**
**အမှတ်(၁၂၄)၊ ၃-လွှာ(ဘီ)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊**
**ကျောက်တံတားမြို့ နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၀၀၉၃၄၀၃၊ ၀၉-၄၃၀၃၈၀၄၈**

---

## ဦးတိတ်ရန်(မြိတ်)
## ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)
## စွမ်းအင်ဝန်ကြီးဌာန
## အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ အမှတ် (၅၅) A၊ အခန်း ၃(B)နေ (ဦးသိန်းဖြေ-ဒေါ်မမကြီး)တို့၏သား၊ (ဒေါ်ခင်နီ)၏ခင်ပွန်း၊ (ဦးတင်လတ်-ဒေါ်မြစိန်)၊ (ဒေါ်ခင်သန်း)-ဦးမျိုးမြင့်၊ ဦးဝင်းနိုင်-ဒေါ်စိန်စိန်တို့၏အစ်ကို၊ ဦးမျိုးခိုင်-မသန္တာ၊ ဦးစိုးခိုင်-မဝင်းဝင်းရီ၊ ဒေါ်နီနီခိုင်-ဦးကြွယ်စိုးဟန်၊ ဦးတိုးခိုင်-ဒေါ်အိကျော်ဇင်၊ ဒေါ်သီသီခိုင်-ဦးလှမျိုးသန့်တို့၏ ကျေးဇူးရှင်ဖခင်၊ မြေး (၇)ယောက်တို့၏ အဘိုးဖြစ်သူ ဦးတိတ်ရန်သည် ၂၁-၁၁-၂၀၂၃ရက် (အင်္ဂါနေ့) ည ၁၀:၂၀နာရီတွင် ကွယ်လွန်ပါသဖြင့် ၂၂-၁၁-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

(ရက်လည်ဆွမ်းကျွေးခြင်းကို အထက်ပါနေအိမ်၌ ၂၇-၁၁-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ နံနက် ၁၁ နာရီတွင် ပြုလုပ်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှသောင်း
### အသက် (၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံးမှ ဒုတိယတိုင်းဒေသကြီး၊ ဥပဒေအရာရှိ ဒေါ်နွယ်နီဦး၏ မိခင်ကြီး ဒေါ်လှသောင်း အသက် (၈၆)နှစ်သည် ၁၈-၁၁-၂၀၂၃ရက် ညနေ ၃:၂၀နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဇေယျ (၁၄၉)**
**အခြေခံဝန်ထမ်းလောင်းသင်တန်းဆင်း**
**မောင်နှမများ (၁၉၉၈-၉၉)ဖောင်ကြီး**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းမော်
### ဘူမိရူပဗေဒ အရာရှိချုပ် (MOGE -ငြိမ်း)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၁၀၈-D)နေ (ဦးတင်လှမောင်-ဒေါ်ကြင်မြ)တို့၏သား၊ (ဦးထွန်းကွန့် -ဒေါ်သန်းကြည်)တို့၏သားသမက်၊ ဒေါ်သန်းသန်းကွန့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်စင်ဝင်း(2nd Mate FG)-ဒေါ်မေဖြူသင်း(Twitter Fashion)၊ Captain ဦးတိုးအောင်-ဒေါ်ချောယုနိုင် တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မသဒ္ဒါဖြူ၊ မောင်အောင်ကောင်းမြတ်တို့၏ ချစ်လှစွာသော အဘိုးသည် ၂၁-၁၁-၂၀၂၃ရက် (အင်္ဂါနေ့) ည ၉:၁၀နာရီတွင် ရွှေလမင်းဆေးရုံ၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၂၃ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ကျန်ရစ်သူမိသားစုမှ ဆွေမျိုး၊ မိတ်ဆွေများအပေါင်းကို အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဂတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ အမှတ်(၁၈)ရပ်ကွက်၊ အကွက်အမှတ် (၁၉၅၊ လုပ်စာကွင်း)၊ ဦးပိုင်အမှတ် (၅၅၁ + ၅၅၄)၊ ဧရိယာ (၀.၁၀၈) ကေရှိမြေသည် ဦးအေးကြူထံမှ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကျုံတနီးကျေးရွာအုပ်စု၊ ရွာမကျေးရွာနေ ဒေါ်ဖြူလှဲ့ဝင်း (၁၄/ဟသတ(နိုင်)၃၀၆၉၇၅)မှ ဓနုဖြူမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ (၂၄-၄-၂၀၂၃)ရက်စွဲပါ စာချုပ်အမှတ် (၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သည့် ဧရိယာ(၀.၁၁၀) ကေအတွင်းမှဖြစ်ပြီး ဒေါ်ဖြူလှဲ့ဝင်းမှ မြေငှားဂရန်အသစ် ရရှိရေးအတွက် ဓနုဖြူမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ မြေအရောင်းအဝယ် စာချုပ်များ၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့် မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအားလုပ်ထုံးလုပ်နည်း၊ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

---

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၂ခ)၊ ဦးပိုင်အမှတ်(၇၉)၊ မြေဧရိယာ(၀ဒသမ၁၈၃)ကေရှိ မြေကွက်သည် မူလက ဒေါ်အင်ဒူထုလွမ် အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၀၃/V၁၉၉၀-၁၉၉၁ အရ (၃၀-၆-၂၀၂၀)ရက်ထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်အင်ဒူထုလွမ်သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏တစ်ဦးတည်းသော ခင်ပွန်း ဦးအင်ဘရောင်နော်ဆိုင်း ၁/မကန(နိုင်)၀၈၅၁၁၆က (၂၆-၅-၂၀၂၃)ရက်စွဲပါမြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၂၁၂/၂၀၂၃)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဦးအင်ဘရောင်နော်ဆိုင်း (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဆိုင်းနော်)က (၂၈-၈-၂၀၂၃)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၀၀/၂၀၂၃) အရ ဒေါ်ဂျာဒင် ၁/ခဖန(နိုင်) ၀၀၂၅၀၂ထံသို့ အပြီးအပိုင်ရောင်း ချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဂျာဒင် အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

### ပျောက်ဆုံးကြောင်း

(ဘ) ဦးသိန်းမှန်၏သမီး၊ ကျွန်မ မတင်ဇာခိုင် ၁၄/ဟသတ(နိုင်)၂၃၃၅၈၂၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားကြောင်း ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၂၅၀၅၆၅၆၀၈**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/77412 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင် ၇/ဖမန(နိုင်) ၁၅၉၅၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/9095, Honda Fit, Hatch Back ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဝင်း ၁၂/မရက(နိုင်)၀၃၇၈၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability) သည် အရေးအကြီးဆုံးဖြစ်…**

❖ **တည်ငြိမ်အေးချမ်းရေး ဆိုသည်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး ဆောင်ရွက်ရန်လိုအပ်…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

၂၀၂၃ ခုနှစ် အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲ ပြိုင်ပွဲကျင်းပပုံနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားတို့ကို MRTV–HD၊ MRTV Sports Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel နှင့် MWD Education, Knowledge & Sports Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံရေဒီယိုနှင့် MRTV APP: အပါအဝင် Online တို့မှလည်း တစ်ပြိုင်တည်း ထုတ်လွှင့်ပေးမည်ဖြစ်သည်။

သတင်းစဉ်

## ANS ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ရွှေခါးပတ်ချန်ပီယံဆီမီးဖိုင်နယ်ပြိုင်ပွဲများ ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ အဖွဲ့ချုပ်ကကြီးမှူးပြီး ANS ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ရွှေခါးပတ်ချန်ပီယံ ဆီမီးဖိုင်နယ်ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်းဗန်းစက်မှုဇုန်၌ ကျင်းပသည်။ အဆိုပါဆီမီးဖိုင်နယ်ငါးချီပွဲ၌ ၆၃ ဒသမ ၅–၆၇ ကီလိုတန်းများတွင် စိန်လုံးချော(အောင်နိုင်သူ)နှင့် သွေးသစ်မောင်(အဖြူရောင်သွေးသစ်)တို့ ပြိုင်ပွဲတွင် စိန်လုံးချော လက်သီးတံတောင်ကြောင့် ပထမအချီ ၅၀ စက္ကန့်တွင် ခေါင်းဒဏ်ရာ

*စာမျက်နှာ ၁၁ ကော်လံ ၁* ❐

## MFF Futsal Championship 2023 ပြိုင်ပွဲတွင် VUC၊ Dream Team Legends ၊ ပြည့်စုံအသင်းနှင့် M-Million အသင်းတို့ ကွာတားဖိုင်နယ် တက်ရောက်



**ရန်ကုန် နိုဝင်ဘာ ၂၂**

MFF Futsal Championship 2023 ပြိုင်ပွဲ ရှုံးထွက်အဆင့် ပထမနေ့ကို နိုဝင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ လက်ရှိချန်ပီယံ VUC အသင်း၊ Dream Team Legends အသင်း၊ ပြည့်စုံအသင်းနှင့် M–Million အသင်းတို့ ကွာတားဖိုင်နယ် တက်ရောက်သွားသည်။

ရှုံးထွက်အဆင့် ပထမနေ့တွင် လက်ရှိချန်ပီယံ VUC အသင်းသည် ဂိုးပြတ်နိုင်ပွဲဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်သော်လည်း Dream Team

*စာမျက်နှာ ၁၁ ကော်လံ ၄* ❖

## ဂျီဘရော်လ်တာကို ဂိုးပြတ်အနိုင်ယူပြီး ယူရို ခြေစစ်ပွဲအောင်မြင်ခဲ့သည့် နယ်သာလန်

ယူရိုခြေစစ်ပွဲ အုပ်စု (ခ) နောက်ဆုံးပွဲစဉ်များကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ နယ်သာလန်အသင်း ဂိုးပြတ်အနိုင်ရရှိပြီး နာမည်ကြီး ပြင်သစ်အသင်း သရေကျခဲ့သည်။

နယ်သာလန်အသင်းသည် ဂျီဘရော်လ်တာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ခြောက်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ခြေစွမ်းပြသကာ နိုင်ပွဲဆက်နေသည့်နယ်သာလန်အသင်းသည် ယခုပွဲစဉ်တွင်လည်း ဂျီဘရော်လ်တာအသင်းကို တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲ ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၅ ကော်လံ ၅* ❍



ဂျီဘရော်လ်တာနှင့် နယ်သာလန်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

### ယနေ့ သတင်းအညွှန်း

**ဓားစာခံ ၅၀ ပြန်လွှတ်ပေးရေးနှင့် လေးရက်ကြာ အပစ်အခတ်ရပ်စဲထားရန် အစ္စရေးနှင့် ဟားမားစ်တို့သဘောတူ**
နိုင်ငံတကာသတင်း စာ ၁၃

**ကြက်သွန်နီဈေးကောင်းသဖြင့် ဆိပ်ဖြူမြို့နယ်၌ မိုးကြက်သွန်နီဥစိုက်များ စိုက်ပျိုးမှုများလာ**
စီးပွားရေးသတင်းများ စာ ၁၄